မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

မိမိထက် အသက်သိက္ခာ ဝါကြီး သောသူတို့ကို အမြဲအရိုအသေ ပြုလေ့၊ ရိုခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရားလေးပါး တို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၈၈)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ သောကြာနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာ့ပေါ်ဆန်းသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သည့် အမျိုးသားအဆင့် အရည်အသွေးမြင့် ထုတ်ကုန်တစ်ခု(National Brand)ဖြစ်လာစေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်



နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု "World's Best Rice –2026" ရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁★

ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



သံတောင်ကြီးမြို့၌ လက်ဖက်မွှေးဝယ်လိုအား ကောင်းလာခြင်းကြောင့် ပိုမိုစိုက်ပျိုး

သံတောင်ကြီး အောက်တိုဘာ ၂၂

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်သည် တောင်ပေါ်ဒေသမြို့ဖြစ်ပြီး ဒေသခံပြည်သူများမှာ အများအားဖြင့် ရော်ဘာ၊ ကော်ဖီ၊ လက်ဖက်၊ ဒူးရင်း၊ တည်း၊ ဖာလာပင်၊ ကွမ်းသီး၊ လိုင်ချီးစသည့်နှစ်ရှည်ပင်များကို အဓိကစိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် လက်ဖက်မွှေးများဝယ်လိုအားကောင်းလာခြင်းကြောင့် ဒေသခံပြည်သူများစိုက်ပျိုးလုပ်ကိုင်လာကြကြောင်း

စာမျက်နှာ ၉ ကော်လံ ၁ ❖

ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါင်လောင်ကြီးကျေးရွာ၌ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါစိုက်တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ●



လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ည‌နေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/၈လ)**

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝိဓူရဏတ်တော်ကြီးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး

စာ – ၁၅ သို့

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုအား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သွားရောက်တွေ့ဆုံ

စာ – ၁၈ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်

နိုင်ငံ့ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာအနုပညာများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ရေး၊ အနုပညာရှင်များဖော်ထုတ်ရေးနှင့် မျိုးဆက်သစ်လူငယ်များထံ အနုပညာအမွေအနှစ်များ လက်ဆင့်ကမ်းပေးရေးတို့အတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင်ကျင်းပနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ပြိုင်ပွဲများရပ်နားခဲ့ရသည်။ ၂၀၂၂ ခုနှစ်ရောက်မှ (၂၃) ကြိမ်မြောက် ပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခုအခါပြိုင်ပွဲများကို ဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် (၂၇) ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်သည်။

မြန်မာ့ရိုးရာအနုပညာများရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့်အနုပညာရှင်များ ပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့်အစဉ်အလာတစ်ရပ်အဖြစ် နိုင်ငံတော်က အထူးတလည်ဖော်ထုတ်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများ ကျင်းပပေးရခြင်း၏အဓိကရည်ရွယ်ချက်မှာ အနုပညာရှင်များအကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန်မဟုတ်ပေ။ အနုပညာဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကို ဖော်ထုတ်မြှင့်တင်ရန်၊ အနုပညာအတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်းပိုမိုမြင့်မားလာစေရန်ဖြစ်သည်။ ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့်အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၁ ရက်ကကျင်းပသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားစဉ် **"မြန်မာ့ရိုးရာအနုပညာသည် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကိုဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယနေ့မျိုးဆက်၏တာဝန်ဖြစ်သကဲ့သို့ အနာဂတ်မျိုးဆက်များထံသို့ အရည်အသွေးပြည့်ဝစွာ လက်ဆင့်ကမ်းပေးခြင်းသည်လည်း မိမိတို့အားလုံး၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရမည့်လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အနုပညာရှင်များ၊ ဝါသနာရှင်များ၊ လူငယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထားထိန်းသိမ်းကြရန်၊ အနုပညာဘာသာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်၊ မျိုးဆက်သစ်အနုပညာရှင်များပေါ်ထွန်းလာရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မြန်မာ့အနုပညာ၏အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်သွားကြရန် ထပ်လောင်းတိုက်တွန်းမှာကြားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် ထိုနိုင်ငံ၏ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကိုဖော်ပြရာတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သည်။ အနုပညာသည် လူသားများ၏စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့်ကြားခံတစ်ရပ်လည်းဖြစ်သည်။ အဆိုပါအနုပညာအမွေအနှစ်များသည် အတိတ်ကာလကိုပြန်လည်တူးဖော်ပေးသည့်အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့်တန်ဖိုးရှိသည့်အမွေအနှစ်များဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာများ ကမ္ဘာတည်သရွေ့တည်ရှိနေရန် တိုင်းရင်းသားပြည်သူအားလုံး၏တာဝန်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည်ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

သင်(FM)အသံလွှင့်အစီအစဉ်

၂၃-၁၀-၂၀၂၆(သောကြာနေ့)

၁။ ဝ၈:၀၀ ဥယျာဉ်မှူးတို့သိမှတ်စရာ

၂။ ၁၀:၀၀ လောကနီတိ

၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍာ

၆။ ၂၁:၂၀ မြန်မာသံစဉ်(ကာလပေါ်တေး)

မြဝတီ ၁၄၈၃

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဓောအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နုင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။


ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဖြေရှင်းကြရမည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ

သစ်တောမောင်

အစိုင်အခဲစွန့်ပစ်ပစ္စည်းများ (Solid Waste)

၂၁ ရာစုတွင် ကမ္ဘာတစ်ဝန်း၌ မြို့ပြစနစ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းတိုးတက်လာသည်နှင့်အမျှ ထိုဖွံ့ဖြိုးမှု၏နောက်ဆက်တွဲအဖြစ် ကြီးမားသောပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာဖြစ်ပြီး အထူးသဖြင့် "အစိုင်အခဲ



စွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ" ကြောင့် မြို့ပြညစ်ညမ်းလာမှု ဖြစ်သည်။ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းသည် လူနေမှုအဆင့်အတန်း၊ စီးပွားရေးလုပ်ငန်းများနှင့်ဝန်ဆောင်မှုများ တိုးတက်လာစေသကဲ့သို့ အစိုင်အခဲစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စုပုံများပြားလာမှုနှင့်အတူ ရေထု၊ လေထု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုလည်း တစ်ပြိုင်နက်ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာတစ်ဝန်း အစိုင်အခဲစွန့်ပစ်ပစ္စည်း ထွက်ရှိမှုသည် ၂၀၂၃ ခုနှစ်တွင် တစ်နှစ်လျှင် ၂ ဒသမ ၁ ဘီလီယံတန်ခန့်ရှိခဲ့ပြီး လက်ရှိလုပ်ငန်းစဉ်များ၊ လက်ရှိမူဝါဒများအတိုင်း ဆက်လက်သွားပါက ၂၀၅၀ ပြည့်နှစ်တွင် ၃ ဒသမ ၈ ဘီလီယံတန်အထိ တိုးပွားလာနိုင်သည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) ၏ Global Waste Management Outlook 2024 တွင် ခန့်မှန်းဖော်ပြထားသည်။ ထို့ကြောင့် စွန့်ပစ်ပစ္စည်းပြဿနာသည် "မြို့သန့်ရှင်းရေး" ပြဿနာတစ်ခုသာဟု သာမန်ရှုမြင်သဘောထားရုံဖြင့် မရတော့ဘဲ ပတ်ဝန်းကျင်၊ ပြည်သူ့ကျန်းမာရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဂေဟစနစ်နှင့် လူမှုစီးပွားရေးတို့နှင့် ဆက်စပ်နေသော ပြဿနာကြီးတစ်ရပ်အဖြစ် ရှုမြင်ပြီး စနစ်တကျ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်လာသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ

မြို့ပြများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအနက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အထူးအရေးကြီးသောပြဿနာဖြစ်လာသည်။ ပလတ်စတစ်သည် ပေါ့ပါးခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ အသုံးပြုရလွယ်ကူခြင်းတို့ကြောင့် အစားအသောက်ထုပ်ပိုးမှု၊ ရေသန့်ဘူး၊ ပလတ်စတစ်အိတ်၊ စားသောက်ကုန်ထုပ်ပိုးမှု၊ အိမ်သုံးပစ္စည်းများ စသည်တို့တွင် အလွန်ကျယ်ပြန့်စွာ အသုံးပြုနေခြင်းဖြစ်သည်။ တစ်ခါသုံးပလတ်စတစ် (Single-use Plastic) များသည် အသုံးပြုချိန်တိုသော်လည်း စွန့်ပစ်ပြီးနောက် ပတ်ဝန်းကျင်အတွင်း အချိန်ကြာမြင့်စွာတည်ရှိနိုင်သောကြောင့် အထူးစိုးရိမ်ရသည့် စွန့်ပစ်ပစ္စည်းအမျိုးအစားဖြစ်လာသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD) ၏ Global Plastics Outlook အစီရင်ခံစာအရ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် ၂၀၀၀ ပြည့်နှစ်တွင် တန်ချိန် ၂၃၄ သန်းမှ ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၄၆၀ သန်းအထိ နှစ်ဆနီးပါးတိုးလာခဲ့သည်။ ထိုကာလအတွင်း ပလတ်စတစ်စွန့်ပစ်ပစ္စည်းမှာ



၁၅၆ သန်းတန်မှ ၃၅၃ သန်းတန်အထိ နှစ်ဆကျော် တိုးမြင့်လာခဲ့သည်။ ထိုအခြေအနေအတိုင်း ဆက်လက်သွားပါက ကမ္ဘာ့ပလတ်စတစ် စွန့်ပစ်ပစ္စည်းထွက်ရှိမှုသည် ၂၀၆၀ ပြည့်နှစ်တွင် တန်ချိန် ၁ ဒသမ ၀၁၄ ဘီလီယံအထိ တိုးမြင့်လာနိုင်သည်ဟု OECD က ခန့်မှန်းထားသည်။

စွန့်ပစ်ပစ္စည်းထွက်ရှိသည့်အရင်းအမြစ်များ

မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် အရင်းအမြစ်များမှာလည်း ပိုမိုများပြားလာသည်။ နေအိမ်များ၊ အိမ်ထောင်စုများ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်ရုံနှင့် အလုပ်ရုံများ၊ ဆောက်လုပ်ရေးနှင့် ဖြိုဖျက်ရေးလုပ်ငန်းများ၊ ဆေးရုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် စွန့်ပစ်ပစ္စည်းများထွက်ရှိသော အဓိကအရင်းအမြစ်များ ဖြစ်သည်။

အများဆုံးတွေ့ရသည့် စွန့်ပစ်ပစ္စည်းများမှာ စားကြွင်းစားကျန်များ၊ စက္ကူ၊ ကတ်ထူပုံးများ၊ အထည်ဟောင်းများ၊ ဖန်ဘူး၊ ဖန်ခွက်များ၊ တစ်ခါသုံးပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများ၊ စားသောက်ကုန်ထုပ်ပိုးသည့် ပလတ်စတစ်ခွံများ၊ အိမ်သုံးပလတ်စတစ်ပစ္စည်းဟောင်းများ၊ ရေသန့်ဘူးများ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်ဘူးများ၊ အရက်၊ ဘီယာပုလင်းနှင့်ဘူးများ၊ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်မှ ထွက်ရှိသည့် ဓာတုပစ္စည်းများ၊ အနုည်အနှစ်များ၊ အဆိပ်အတောက်များနှင့် အဆီများပါဝင်သည့် ရေဆိုးများ၊ တည်ဆောက်ခြင်းနှင့် ဖြိုဖျက်ခြင်းတို့မှ ထွက်ရှိသည့် အုတ်ခဲ၊ ကွန်ကရစ်စ၊ သဲ၊ ကျောက်၊ သတ္တု၊ သစ်သားနှင့် မှန်စများ၊ ဂွမ်း၊ ပတ်တီး၊ ဆေးဘူးခွံများ၊ စက္ကူထုပ်များ၊ တစ်ခါသုံးဆေးထိုးပြွန်များ၊ ပိုက်ပျော့များ၊ သွေးအိတ်/ပုလင်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများမှ သီးနှံရိတ်သိမ်းပြီး ကျန်ရှိသည့် ရိုးပြတ်များ၊ သစ်သီးခွံများ၊ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများစသည်တို့ဖြစ်သည်။

၂၀၂၄ ခုနှစ် အာဆီယံမြို့ကြီး ကိုးမြို့ကို လေ့လာထားသည့်စာတမ်းတွင် စွန့်ပစ်ပစ္စည်းထွက်ရှိနှုန်းသည် လူတစ်ဦးမှ တစ်ရက်လျှင် သုည ဒသမ ၆၃ ကီလိုဂရမ်မှ ၁ ဒသမ ၃၅ ကီလိုဂရမ်အတွင်းရှိသည်ဟု ဆိုသည်။ အကြမ်းဖျင်းအားဖြင့် အာဆီယံမြို့ကြီးတစ်မြို့တွင် အစိုင်အခဲစွန့်ပစ်ပစ္စည်းတစ်ရက်လျှင် တန်ချိန် ၂၀၀၀ မှ ၁၅၀၀၀ အထိရှိပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းသည် တစ်ရက်လျှင် တန်ချိန် ၂၀၀ မှ ၂၀၀၀ ထိရှိနိုင်သည်။ လူဦးရေ၊ ဝင်ငွေ၊ စားသုံးမှုပုံစံနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအပေါ်တွင်မူတည်ပြီး မြို့တစ်မြို့နှင့်တစ်မြို့ကွာခြားနိုင်သည်။

မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၃၀ ဖော်ပြချက်အရ ရန်ကုန်မြို့မှ စွန့်ပစ်ပစ္စည်းတစ်ရက်လျှင်တန် ၂၀၀၀ ခန့်၊ မန္တလေးမြို့မှ တစ်ရက်လျှင် ၉၅၅ တန်ခန့်နှင့် နေပြည်တော်မှတစ်ရက်လျှင်တန် ၂၀၀ ခန့် ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ၂၀၂၅ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ လူတစ်ဦးမှ တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း သုည ဒသမ ၈ ကီလိုဂရမ် ထွက်ရှိကြောင်း ခန့်မှန်းထားသည်။ အာဆီယံ၏ ဆဋ္ဌမမြောက် ပတ်ဝန်းကျင်ဆိုင်ရာအစီရင်ခံစာ (Sixth State of the Environment) တွင် ဖော်ပြထားသော ၂၀၁၀ ပြည့်နှစ် အခြေခံအချက်အလက်အရ မြန်မာနိုင်ငံ၏ ပလတ်စတစ်စွန့်ပစ်ပစ္စည်းမှာ တစ်နှစ်လျှင်တန်ချိန် ၁ ဒသမ ၃၇ သန်းရှိပြီး တစ်ဦးလျှင် တစ်ရက် သုည ဒသမ ၀၇ ကီလိုဂရမ်ခန့်ဖြစ်ကြောင်း ဖော်ပြထားသည်။

အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကဏ္ဍအသီးသီး အပေါ် သက်ရောက်မှုများ

အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ကဏ္ဍအသီးသီး အပေါ်သက်ရောက်မှုများကို အဓိကအားဖြင့် အောက်ဖော်ပြပါအတိုင်း တွေ့ရှိနိုင်ပါသည်-

၁။ ကျန်းမာရေးထိခိုက်စေခြင်း။ အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းခြင်း၊ ခွဲခြားခြင်းနှင့် စွန့်ပစ်ခြင်း မပြုပါက ရေ၊ လေ၊ မြေဆီလွှာနှင့် အစားအစာတို့မှတစ်ဆင့် လူ့ကျန်းမာရေးကို ထိခိုက်နိုင်သည်။ စနစ်တကျစီမံထားရှိမှုမရှိသည့် စွန့်ပစ်ပစ္စည်းများမှ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ထွက်ရှိခြင်း၊ သောက်သုံးရေ အရင်းအမြစ်များကို ညစ်ညမ်းစေခြင်းနှင့် ခြင်၊ ယင်၊ ကြွက်အစရှိသည့် ရောဂါသယ်ဆောင်နိုင်သည့် သတ္တဝါများ ပေါက်ပွားနိုင်သည့် ပတ်ဝန်းကျင် ဖန်တီးပေးခြင်းတို့ကိုဖြစ်စေနိုင်သည်။ ပလတ်စတစ်များပတ်ဝန်းကျင်တွင် ပျက်စီးခွဲထွက်လာသောအခါ မိုက်ခရိုပလတ်စတစ်များ (Microplastics) နှင့် အလွန်သေးငယ်သော ပလတ်စတစ် အမှုန်များ (Plastic Particles) ဖြစ်ပေါ်နိုင်ပြီး အသက်ရှူလမ်းကြောင်း၊ နှလုံးနှင့် သွေးကြောစနစ်၊ အူလမ်းကြောင်းဆိုင်ရာတို့ကို ထိခိုက်စေနိုင်သည်။

၂။ လေထုညစ်ညမ်းခြင်း။ အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ပြဿနာများအနက် အန္တရာယ်အရှိဆုံးတစ်ခုမှာ အမှိုက်မီးရှို့ခြင်းဖြစ်သည်။ ပလတ်စတစ်၊ ရော်ဘာ၊ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းနှင့် အခြားအမှိုက်များကို ရောနှောမီးရှို့သည့်အခါ အလွန်သေးငယ်သော အမှုန်အမွှားများနှင့် အခြားအန္တရာယ်ရှိသော လေထုညစ်ညမ်းပစ္စည်းများထွက်ရှိပြီး ချောင်းဆိုးခြင်း၊ အရေပြားယားယံခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်စေသည်။

၃။ ရေထု၊ မြေဆီလွှာနှင့် မြစ်ချောင်းများ ညစ်ညမ်းခြင်း။ ပလတ်စတစ်အိတ်၊ ရေဘူး၊ အစားအသောက် ထုပ်ပိုးပစ္စည်းများသည် မြို့ပြရေမြောင်းများမှတစ်ဆင့် ချောင်းများ၊ မြစ်များနှင့် ပင်လယ်ထဲသို့ ရောက်ရှိနိုင်သည်။ OECD ၏ ၂၀၁၉ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်အရ ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၃၅၃ သန်းတန် ထွက်ရှိခဲ့ပြီး တန်ချိန် ၂၂ သန်းခန့်သည် ပတ်ဝန်းကျင်ထဲသို့ ယိုစိမ့်မှု (Leakage) ဖြစ်ခဲ့သည်။ ပလတ်စတစ်သည် သဘာဝအတိုင်း လွယ်ကူစွာ ဆွေးမြည့်ပျက်စီးသွားခြင်းမရှိဘဲ အချိန်ကြာမြင့်စွာ တည်ရှိနိုင်သောကြောင့် ပတ်ဝန်းကျင်တွင် စုပုံလာပြီး အချိန်ကြာလာသည်နှင့်အမျှ အရွယ်အစားသေးငယ်သော မိုက်ခရိုပလတ်စတစ်များ (Microplastics) အဖြစ် မြေဆီလွှာနှင့် ရေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများကို လဟာပြင်တွင် စွန့်ပစ်ထားပါက မိုးရေစိမ့်ဝင်ခြင်းမှတစ်ဆင့် မြေဆီလွှာနှင့် မြေအောက်ရေသို့ ညစ်ညမ်းပစ္စည်းများ ရောက်ရှိနိုင်ကာ အပင်ကြီးထွားမှုနှင့် မြေဆီလွှာထုတ်လုပ်နိုင်စွမ်းကို ထိခိုက်စေနိုင်သည်။

၄။ ရေကြီးရေလျှံဖြစ်စေခြင်း။ မြို့ပြများတွင် တစ်ခါသုံးပလတ်စတစ်အိတ်များနှင့် အခြားပေါ့ပါးသော အမှိုက်များသည် လေ၊ မိုးရေနှင့် ရေစီးကြောင်းများမှတစ်ဆင့် ရေနုတ်မြောင်းစနစ်ထဲသို့ လွယ်ကူစွာ ရောက်ရှိနိုင်သည်။ ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးများ၊ စားသောက်ကုန်ထုပ်ပိုးပစ္စည်းများ၊ အခြားပေါ့ပါးသော အမှိုက်များ ရေမြောင်းများတွင်စုပုံလာပါက မိုးရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေပြီး ရေတက်မြန်ခြင်း၊ လမ်းများရေကြီးခြင်းနှင့် ရေမြောင်းများပိတ်ဆို့စေပြီး ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သည်။

၅။ ရေနေသတ္တဝါနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်ခြင်း။ ပလတ်စတစ်အမှိုက်များသည် ရေနေသတ္တဝါများက စားခြင်း၊ မျိုချခြင်း (Ingestion)၊ ပလတ်စတစ်အတွင်းပိတ်မိခြင်း၊ ရှုပ်ထွေးရစ်ပတ်ခြင်း (Entanglement)၊ နေထိုင်ရာပတ်ဝန်းကျင် ပျက်စီးခြင်း၊ အစားအစာကွင်းဆက်ထဲသို့ ပလတ်စတစ်အမှုန်အမွှားများ ဝင်ရောက်ခြင်းဖြင့် ရေနေသတ္တဝါများအပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ အန္တရာယ်များဖြစ်စေနိုင်သည်။

စာမျက်နှာ ၄ သို့ ◆

◆ စာမျက်နှာ ၃ မှအဆက်

၆။ ရာသီဥတုပြောင်းလဲမှုဖြစ်စေခြင်း။ အစိုင်အခဲစွန့်ပစ်ပစ္စည်းများတွင် ပါဝင်သော အော်ဂဲနစ် စွန့်ပစ်ပစ္စည်းများသည် အမှိုက်ပုံများတွင် အောက်ဆီဂျင်မရှိသော အခြေအနေ၌ ဆွေးမြည့်ရာမှမီသိန်း(CH_4) ထွက်ရှိနိုင်သည်။ စနစ်တကျစီမံခန့်ခွဲခြင်းမရှိသော အမှိုက်များသည် မှန်လုံအိမ်ခတ်ငွေ့နှင့် အဆိပ်အတောက်ဖြစ်စေသော ခတုပစ္စည်းများ ထုတ်လွှတ်နိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။

၇။ စီးပွားရေးအပေါ်သက်ရောက်ခြင်း။ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) ၏ ၂၀၂၄ ခုနှစ် အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အမှိုက်စီမံခန့်ခွဲမှု၏ တိုက်ရိုက်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၅၂ ဘီလီယံခန့် ရှိခဲ့သည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကျန်းမာရေးထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ မသိသာသောကုန်ကျစရိတ်များ (Hidden Costs) ကိုပါထည့်သွင်းတွက်ချက်ပါက အမေရိကန် ဒေါ်လာ ၃၆၁ ဘီလီယံခန့်အထိရှိခဲ့သည်။ လက်ရှိအတိုင်း ဆက်လက်သွားပါက ၂၀၅၀ ပြည့်နှစ်တွင် နှစ်စဉ်ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲခြင်း

အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့်ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို သမားရိုးကျပုံစံဖြင့် ဖြေရှင်းခြင်းထက် ဘက်စုံစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းလမ်း (Integrated Waste Management Approach) အောက်ဖော်ပြပါ ချဉ်းကပ်မှုများဖြင့် ဖြေရှင်းပါက ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်-

၁။ အရင်းအမြစ်မှစ၍ လျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်း (Reduce & Reuse)။ စွန့်ပစ်ပစ္စည်းပြဿနာကို ဖြေရှင်းရာတွင် ထွက်ရှိလာမှ သိမ်းဆည်းခြင်းထက် စွန့်ပစ်ပစ္စည်း စတင်ထွက်ရှိမှုပမာဏကို လျှော့ချခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

- ပြန်လည်အသုံးပြုနိုင်သော စတီး/ဖန်ဘူးများ၊ ထမင်းချိုင့်၊ အထည်အိတ်များကို အစားထိုး အသုံးပြုခြင်းဖြင့် တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း (Single-use Plastic Reduction)၊ ၄ာက်ပျော်ဖက်၊ အင်ဖက်၊ စက္ကူအိတ်နှင့် သဘာဝအတိုင်း ဆွေးမြည့်လွယ်သော Biodegradable ပစ္စည်းများကို ထုပ်ပိုးမှုများတွင် အစားထိုးပစ္စည်းများအဖြစ် ပြောင်းလဲ အသုံးပြုခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်သူများ အနေဖြင့် ထုပ်ပိုးမှုအလွှာများကို အနည်းဆုံးဖြစ်အောင် ဒီဇိုင်းထုတ်ခြင်းနှင့် ပြန်လည်ဖြည့်တင်းသည့် (Refill) စနစ်များကို ကျင့်သုံးခြင်း။

၂။ စွန့်ပစ်ပစ္စည်း ခွဲခြားစွန့်ပစ်ခြင်းနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Waste Segregation & Recycling)။ စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းသည် ပြန်လည်အသုံးပြုနိုင်စွမ်းကို မြှင့်တင်ပေးသည်။



- စားသောက်ကုန်၊ ဟင်းသီးဟင်းရွက် အကြွင်းအကျန်များ စသည့် ဆွေးမြည့်လွယ်သော အမှိုက်များ (Organic Waste)၊ ပလတ်စတစ်ဘူး၊ စက္ကူ၊ ဖန်၊ သတ္တု စသည့် ပြန်လည် ပြုပြင်ထုတ်လုပ်နိုင်သော စွန့်ပစ်ပစ္စည်းများ (Recyclables)၊ ဘက်ထရီ၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ စသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ (Hazardous Waste)၊ ပြန်လည်ပြုပြင်ထုတ်လုပ်မရသည့် စွန့်ပစ်ပစ္စည်းများ (Non-recyclable Waste) ဟူ၍ အရင်းအမြစ်များကို ခွဲခြားစွန့်ပစ်ခြင်း (Source Segregation)၊
- သန့်စင်ပြီး ပလတ်စတစ်များကို အရည်ကျိုး၍ ပလတ်စတစ်စေ့ (Pellets)များ ပြန်လည်ပြုလုပ်ကာ အိမ်သုံးပစ္စည်း၊ ပိုက်လိုင်းနှင့် အထည်အလိပ် (Polyester) များအဖြစ် ပလတ်စတစ်ပြန်လည်ထုတ်လုပ်ခြင်း (Mechanical & Chemical Recycling)၊ ဇီဝနည်းဖြင့် ဆွေးမြည့်နိုင်သောအမှိုက်များမှ ဇီဝမြေဩဇာပြုလုပ်ခြင်း (Composting)၊ စားသောက်ကုန်နှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာ (Compost) ပြုလုပ်ခြင်း သို့မဟုတ် ဇီဝဓာတ်ငွေ့ (Biogas) အဖြစ် ပြောင်းလဲအသုံးပြုခြင်း၊

၃။ အဆင့်မြင့်နည်းပညာသုံး ဖြေရှင်းနည်းများ (Advanced Energy & Waste Recovery)။ ပြန်လည်ပြုပြင်ထုတ်လုပ်ရန် ခက်ခဲသော စွန့်ပစ်ပစ္စည်းများကို စွမ်းအင်နှင့် ဆောက်လုပ်ရေးပစ္စည်းများအဖြစ် ပြောင်းလဲခြင်းဖြစ်ပါသည်။

- ပြန်လည်အသုံးပြု၍မရသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ အပူချိန်ဖြင့် မီးရှို့ပြီးရရှိလာသော အပူစွမ်းအင်မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း (Waste-to-Energy – Incineration)၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို အောက်ဆီဂျင်မရှိသော အခြေအနေတွင် အပူပေးချေဖျက်၍ လောင်စာဆီ (Pyrolysis Oil) အဖြစ်ပြောင်းလဲခြင်း၊ သန့်စင်ထားသော ပလတ်စတစ်အစများကို ကတ္တရာနှင့်ရောစပ်၍ ပလတ်စတစ် ကတ္တရာလမ်းများ (Plastic Roads) ခင်းခြင်း သို့မဟုတ် ပလတ်စတစ် အမှိုက်များကို ဘူးအတွင်း ဖိသိပ်ထည့်သွင်း၍ Ecobricks များအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းများတွင်ထည့်သွင်းအသုံးပြုခြင်း၊

၄။ မူဝါဒ၊ စီမံခန့်ခွဲမှုနှင့် အသိပညာပေးခြင်း (Policy, Management & Awareness)။ နည်းပညာအပြင် အုပ်ချုပ်ရေးနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် လွန်စွာအရေးပါဝင်သည်။

- ပလတ်စတစ်ထုတ်လုပ်သည့် ကုမ္ပဏီများ/ လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များနှင့် ပတ်သက်၍ စတင်ထုတ်လုပ်ချိန်မှ အသုံးပြုပြီးစီး၍ စွန့်ပစ်သည်အထိ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးပုံစံဖြင့် တာဝန်ယူဖြေရှင်း ဆောင်ရွက်နိုင်ရေး အတွက်စည်းကမ်းများ၊ ငွေကြေးနှင့်တာဝန်ယူမှုမူဝါဒများ သတ်မှတ်ပေးခြင်းဖြင့် ထုတ်လုပ်သူမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့်သတ်မှတ်ချက် (Extended Producer Responsibility –EPR) ဆောင်ရွက်ခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို ဒဏ်ကြေးသတ်မှတ်ခြင်း၊ ပလတ်စတစ်အိတ်များအတွက် အခွန်သို့မဟုတ် အိတ်ဖိုးသီးသန့်ကောက်ခံခြင်း (Plastic Tax/ Bag Fee)၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်စနစ်နှင့် ဒဏ်ကြေးသတ်မှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ မရှိသော/ မှတ်ပုံတင်ထားခြင်း မရှိသော စွန့်ပစ်ပစ္စည်းကောက်ယူသူများ (Informal Waste Pickers) ကို စနစ်တကျအသိအမှတ်ပြု၍ လုံခြုံရေးနှင့် ကျန်းမာရေးအတွက် အကာအကွယ်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းစုဆောင်းမှုကွန်ရက်တွင် ထည့်သွင်းခြင်း၊ စေတနာဝန်ထမ်းနှင့် အလွတ်သဘော အမှိုက်ကောက်သူများကို ပံ့ပိုးခြင်း၊ ကျောင်းများ၊ ရပ်ကွက်များနှင့် လူမှုကွန်ရက်များမှတစ်ဆင့် အမှိုက်ခွဲခြားစွန့်ပစ်သည့်အလေ့အထကို ငယ်စဉ်ကတည်းက ပျိုးထောင်ပေးခြင်း၊ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း။



စွန့်ပစ်ပစ္စည်းမှသည် အရင်းအမြစ်များဆီသို့

ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ်(UNEP)၏လေ့လာချက်အရပတ်လည်စီးပွားရေးစနစ် (Circular Economy) အခြေခံ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ပါက ၂၀၅၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် အသားတင်စီးပွားရေး အကျိုးအမြတ် အမေရိကန် ဒေါ်လာ ၁၀၈ ဒသမ ၅ ဘီလီယံအထိ ရရှိနိုင်မည်ဟု ခန့်မှန်းအခြစ်များအဖြစ် ရှုမြင်ပြီး ပြောင်းလဲဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်မည်ဖြစ်ပါသည်။ ။





ကိုးကား

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ၂၀၂၀။ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)။

United Nations Environment Programme (UNEP), 2024. Global Waste Management Outlook 2024: Beyond an Age of Waste – Turning Rubbish into a Resource. Nairobi.

Organization for Economic Co-operation and Development (OECD), 2022. Global Plastics Outlook: Economic Drivers, Environmental Impacts and Policy Options. Paris.

Association of Southeast Asian Nations (ASEAN), 2024. Sixth ASEAN State of the Environment Report. Jakarta.

❖ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်၊ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ် . . .



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျောင်းသား၊ ကျောင်းသူနှစ်ဦးတို့က အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

❍ **ကျောဖုံးမှအဆက်**

တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဩဝါဒ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် ပညာရေးတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

တက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ သင်တန်းဆင်း ဆရာ၊ ဆရာမဦးရေ စုစုပေါင်း ၁၄၆၉၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် လည်း မကြာခင်သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာသင်ပေးရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကိုပါ ပုံဖော်ပေးရသူများဖြစ်သည်ကို အမြဲသတိပြုကြစေလိုပြီး မောင်တို့မယ်တို့သည် အိုးထိန်းသည်များပင်ဖြစ်ပါကြောင်း။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသည့်လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ ပညာရေးအသုံးစရိတ်များပါ ထည့်တွက်မည်ဆိုပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုရန် ခွင့်ပြုပေးထားကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်း ထက်မနည်း တိုးမြှင့်ရန်၊ နောက်တစ်နှစ်ကျော်တွင် ၁၅ ရာခိုင်နှုန်း အထိတိုးမြှင့်ရန်လျာထားပြီး မိမိတို့ အစိုးရတာဝန်ယူဆောင်ရွက်သည့် ကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်းကို အသိပေးလိုကြောင်း။

ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းတက်နိုင်ရေး၊ အလယ်တန်းပညာပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာအထက်တန်းကျောင်းများတွင် ဆက်လက်သင်ယူနိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေကြောင်း၊ အထက်တန်းအဆင့်တွင်အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရေးနှင့် အရည်အချင်း ပြည့်မီသူများကို တက္ကသိုလ်အဆင့်အထိ ဆက်လက်ပညာသင်ယူနိုင်ရေးတို့ကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့်ကျောင်းပြင်ပရောက်နေသည့် လူငယ်များကိုလည်း သင့်လျော်သည့်အတန်းတွင် ပြန်လည်ပညာသင်ယူနိုင်ရေး ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ဆောင်ရွက်ပေးနေကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသကို ရောက်ရှိသည့်အခါ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ ကျောင်းပြင်ပရောက်ရှိနေသူများ ပြန်လည်ပညာသင်ယူနိုင်ရေးနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။

သစ်အဆွေးဖြင့် ပန်းပုထု၍မရသကဲ့သို့ အဆင့်အတန်းမြင့်သည့် ပညာရေးကို တည်ဆောက်နိုင်ရေးအတွက်လည်း ဆရာ၊ ဆရာမများ၏အရည်အသွေးသည် အဓိကကျကြောင်း၊ ဆရာတစ်ဦးအနေဖြင့် မိမိတတ်မြောက်ထားသည့်ပညာရပ်များကို တပည့်များထံသို့ထိရောက်စွာ လက်ဆင့်ကမ်းပေးနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး သင်ကြားရေးစွမ်းရည်များမြှင့်တင်နေကြရန် မှာကြားလိုကြောင်း၊ သင်ကြားရေးတွင် အလွတ်ကျက်မှတ်စေခြင်းနည်းလမ်းတစ်ခုတည်းကိုသာ အားမကိုးဘဲ တပည့်များ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများ တိုးတက်လာအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို လက်တွေ့ဘဝနှင့် ဆက်စပ်သင်ကြားပေးခြင်းအားဖြင့် သင်ယူထားသည့်ပညာများကို လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချနိုင်လာမည်ဖြစ်ကြောင်း။

အထူးသဖြင့် **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့်အတိုင်း စာသင်ကျောင်းများသည် စည်းကမ်းရှိပြီး တာဝန်သိတတ်သည့်လူငယ်များပေါ်ထွန်းလာရေးအတွက် အခြေခံကျသည့် နေရာများဖြစ်ကြောင်း၊ ဆရာများသည် တပည့်များအတွက်စံပြပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိတို့၏အပြောအဆို၊ အပြုအမူအနေအထိုင်နှင့် ကိုယ်ကျင့်တရားများကို အမြဲဆင်ခြင်ကြရန်လိုပြီး တပည့်အားလုံးအပေါ် မျှမျှတတဆက်ဆံရန်၊ ရိုးသားဖြောင့်မတ်ရန်နှင့် စိတ်စေတနာထားရန်လည်း အရေးကြီးကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၊ ဘာသာစကားများနှင့် ယဉ်ကျေးမှုများ မတူကွဲပြားစွာ တည်ရှိနေသည့်နိုင်ငံဖြစ်ကြောင်း၊ ယင်းမတူကွဲပြားမှုများသည် နိုင်ငံ၏ **စာမျက်နှာ ၆ သို့** ❍



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မှ ရှမ်းတိုင်းရင်းသူ မမေသွယ်ဖူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

❖ **ပြည်ထောင်စုစိတ်ဓာတ်ဟူသည်မှာ မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုကိုချစ်မြတ်နိုးသကဲ့သို့ အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကိုလည်း လေးစားတန်ဖိုးထားခြင်းဖြစ်၊ အများအကျိုးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာစေ . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

❍ စာမျက်နှာ ၅ မှ

ယဉ်ကျေးမှုအမွေအနှစ်များကို ကြွယ်ဝစေပြီး တန်ဖိုးရှိသည့်အရင်းအမြစ်များလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်လေးစားမှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများကိုတည်ဆောက်ကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည်မှာ မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးသကဲ့သို့ အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကိုလည်း လေးစားတန်ဖိုးထားခြင်းဖြစ်ကြောင်း၊ အများအကျိုးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာစေကြောင်း။

မောင်တို့မယ်တို့သည်ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၅ နှစ်ကြာ အတူတကွ ပညာသင်ယူရင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိခဲ့ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူတတ်မြောက်ခဲ့ကြပြီးဖြစ်သည်ဟုယုံကြည်ကြောင်း၊ ထို့ကြောင့် **တာဝန်ကျရာ ဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် မိမိတို့ကိုယ်တိုင်စံနမူနာပြပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။**

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဟူသည့်အတိုင်း လူငယ်များသည် အနာဂတ်တွင် နိုင်ငံတာဝန်များကို ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များ ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ပညာရေး၊ စိတ်ဓာတ်နှင့် အရည်အချင်းဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအနာဂတ်အတွက် အရေးကြီးကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁၆ ရာခိုင်နှုန်းကျော်ရှိသည်ဟု တွေ့ရှိရကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသမှ ရွှက်ပုန်းသီးလူငယ်များ၏ အရည်အချင်းများကို ဖော်ထုတ်ပေးကြရန် လိုကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် ကိုယ်ကျင့်တရားပြည့်ဝစေရုံသာမက ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် လူမှုဆက်ဆံရေးကောင်းမွန်မှုတို့တွင်လည်း ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပေးကြရမည်၊ လူငယ်များကို မိမိတို့၏အနာဂတ်အတွက် ရည်မှန်းချက်ထားပြီး

❖ မောင်တို့မယ်တို့သည် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ပေးမည့် ပညာရေးဝန်ထမ်းများဖြစ်ကြသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး မိမိတို့တတ်မြောက်ထားသည့် ပညာနှင့် နိုင်ငံတော်နှင့်ပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်၊ မိမိတို့ကျရာတာဝန်များကို သစ္စာရှိရှိ၊ စေတနာအပြည့်ဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း . . .

ကြိုးစားတတ်သူများဖြစ်လာအောင် အားပေးကြရမည်၊ တစ်ချိန်တည်း၌ပင် မိသားစု၊ ဒေသနှင့်လူ့အဖွဲ့အစည်းအတွက်အကျိုးပြုနိုင်သူများဖြစ်လာအောင်လည်း လမ်းညွှန်ပေးကြရန်မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် မကြာမီနိုင်ငံ့ဝန်ထမ်းများဖြစ်လာကြတော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းခွင်ကျင့်ဝတ်များကို သိရှိနားလည်ပြီး လိုက်နာကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးဦး၌ရှိရမည့် ကျွမ်းကျင်မှု၊ တာဝန်ကျေပွန်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အများပြည်သူအပေါ် စေတနာထားမှုတို့ ရှိရမည်ဖြစ်ပြီး **“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်”**ဟူသည့် ခံယူချက်နှင့်အညီ မိမိတို့၏တာဝန်များကို စေတနာ၊ ဝါသနာနှင့် အနစ်နာခံမှု

တို့ပေါင်းစပ်ပြီး ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ၏ လေးစားအားကိုးမှုကို ရရှိထားသူများဖြစ်ကြောင်း။

အဓိက မှာကြားလိုသည်မှာ မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများတွင် တပည့်များကို ပညာရည်ပြည့်ဝရုံသာမက ကာယ၊ ဉာဏ်၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလ ဟူသည့် ဗလငါးတန်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ဆရာ့ဝတ်ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး တပည့်များကို အမှားအမှန် ခွဲခြားသိမြင်နိုင်ပြီး လူမှုကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် လူငယ်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလေးစားပြီး အပြန်အလှန် ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့်ပြည်ထောင်စုစိတ်ဓာတ်များပိုမိုခိုင်မာလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံတော်၏ အနာဂတ်ကိုပုံဖော်ပေးမည့် ပညာရေးဝန်ထမ်းများ ဖြစ်ကြသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး မိမိတို့တတ်မြောက်ထားသည့် ပညာနှင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်၊ မိမိတို့ကျရာတာဝန်များကို သစ္စာရှိရှိ၊ စေတနာအပြည့်ဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့အားလုံး အနာဂတ် နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ကြပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်မှ ရှမ်းတိုင်းရင်းသူ မမေသွယ်ဖူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား၊ ကျောင်းသူနှစ်ဦးတို့က အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံမေးမြန်းနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

Gender၊ CEDAW၊ NSPAW၊ AGMSF၊ WPS အသိပညာပေးသင်တန်းဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၂

အမျိုးသမီးရေးရာဝန်ကြီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် Gender၊ CEDAW၊ NSPAW၊ AGMSF၊ WPS အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသမီးရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၃၅ ဦးတို့ဖြင့် နှစ်ရက်တာ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်သည့် သင်တန်းဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender၊ CEDAW၊ NSPAW၊ AGMSF၊ WPS လုပ်ငန်းစဉ်များကို သိရှိစေရန်၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်လာစေရန်၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစားခြင်း(Gender Mainstreaming) လုပ်ငန်းစဉ်များ ဆောင်ရွက်လာနိုင်စေရန်နှင့် ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ပူးပေါင်းမှုပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီ

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၂ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာအစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပြည်ထောင်စုအဆင့် စီစစ်ရေးကော်မတီမှဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောဒေသများအဖြစ် ခွဲခြားသတ်မှတ်ထားသည့် ရှမ်းပြည်နယ်အတွင်း (က)အုပ်စုမှလူမှုရေးသင့်တင့်သော ဒေသများတွင်ပါဝင်သည့် (၃၁) မြို့နယ်ရှိ မြို့ပေါ်(၂၇)မြို့နှင့် ကျေးရွာအုပ်စု (၂၆)အုပ်စု၊ (ခ) အုပ်စုမှ လူမှုရေးခက်ခဲသော ဒေသများတွင်ပါဝင်သည့်မြို့နယ်(၃၀)ရှိမြို့ပေါ် (၇) မြို့နှင့် ကျေးရွာအုပ်စု (၄၃၄) အုပ်စု၊ (ဂ) အုပ်စုမှလူမှုရေးအခက်အခဲဆုံးဒေသတွင် ပါဝင်သည့် (၁၅) မြို့နယ်ရှိ မြို့ပေါ် (၈) မြို့နှင့် ကျေးရွာအုပ်စု (၂၇၂) အုပ်စုတို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက်၊ လစာနှုန်းထားများအလိုက် ဒေသစရိတ်များကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်မေလ ၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ခံစားခွင့်ပြုထားခဲ့ပြီးဖြစ်ပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပစဉ်။

အဆိုပါအမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ခံစားခွင့်ပြုထားသည့် ရှမ်းပြည်နယ်အတွင်းရှိအဆိုပါဒေသများတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ရှိ ကျောက်တော(တ)ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာတို့ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့် အကျုံးမဝင်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကျုပျော်မြို့နယ်နှင့်ကျောင်းကုန်းမြို့နယ်တို့၏ အဓိကရေလမ်းကြောင်းဖြစ်သော ဒါးကမြစ်အတွင်း သဲသောင်ထွန်းခြင်းနှင့် နုန်းတင်ခြင်းများကြောင့် မြစ်ကြောင်းတိမ်ကောလာ၍ နှစ်စဉ်ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေခြင်းကို ကုစားနိုင်ရန်အတွက် ဒါးကမြစ်ကြောင်း တူးဖော်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ဒါးကမြစ်အတွင်း နှစ်စဉ်ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေခြင်းသည် မြစ်အားအသုံးပြု၍ မှီတင်းနေထိုင်ကြသူတို့၏လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး မြစ်ကြောင်းတိမ်ကောလာမှုအား နုန်းအနည်များဖယ်ရှားပေးရန်အပြင် သက်ဆိုင်ရာဌာနများမှလည်း မိမိတို့ဌာနနှင့်သက်ဆိုင်သည့် ရေကြောင်းအဟန့်အတားဖြစ်စေမည့်ကိစ္စများအား ထိရောက်စွာကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒါးကမြစ်အတွင်း နုန်းအနည်များ ဖယ်ရှားပေးနိုင်ရေးဆောင်ရွက်မည်ဆိုပါက ရေကြောင်းတိုင်းတာစစ်ဆေးမှုများကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ရရှိလာသော တိုင်းတာစစ်ဆေးချက်များအရ ဆောင်ရွက်ရမည့် အစီအမံများကို ထပ်မံရေးဆွဲရမည်ဖြစ်ပါသောကြောင့် အချိန်ယူဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မြစ်တစ်လျှောက် လူနေကျေးရွာများ၊ လယ်ယာမြေများ တည်ရှိနေသဖြင့် လိုအပ်သည့်နေရာများတွင်မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်၍ ကုန်ကျစရိတ်များပြားပြီး ရရှိလာမည့်အကျိုးကျေးဇူးနှင့် ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ချောင်းအတွင်း ရေစီးရေလာ အဟန့်အတားဖြစ်စေသည့် ငါးခြံများ၊ တရားမဝင်စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကို သက်ဆိုင်ရာဌာနများက ပထမဆုံးဖယ်ရှားရှင်းလင်းသွားရမည်ဖြစ်ပါကြောင်း၊ ကနဦးတိုင်းတာရေးနှင့် စစ်တမ်းဆောင်ရွက်ပြီး ရလဒ်အပေါ်မူတည်၍ လိုအပ်သည့် လုပ်ငန်းစီမံချက်များရေးဆွဲကာ ကုန်ကျစရိတ်ကို တစ်ပြိုင်တည်းတွက်ချက်၍ ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိလာသည့် ဘဏ္ဍာငွေအပေါ်မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လည်း နည်းပညာနှင့်လုပ်ငန်းဆိုင်ရာ အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့၊ ရန်ကင်းတောင် သာသနာ့ရိပ်သာကုန်းမြေပေါ်တွင်ရှိသော သာသနာ့အမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရန်၊ နောင်လာနောက်သားများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရန်အတွက် ချင်းတွင်းမြစ်ရေကြီးချိန် ရေဦးထိုးဒဏ်နှင့် ဝဲကတော့တိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ကမ်းပြိုကာကွယ်မှုလုပ်ငန်းဖြစ်သည့် ကမ်းထိန်းနံရံ (Retaining Wall) အလျင်အမြန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ၂၀၂၆ - ၂၀၂၇ ဖြည့်စွက်ဘတ်ဂျက်တွင် ရန်ပုံငွေထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့သည် ချင်းတွင်းမြစ်အထက်ပိုင်းဒေသတွင် တည်ရှိပြီး ခန္ဓီးမြို့၊ ရန်ကင်းတောင်သာသနာ့ရိပ်သာ ကုန်းမြေသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ မြင့်မားမတ်စောက်သောသဲကျောက်တောင်ပေါ်တွင် တည်ရှိကာ မြသိန်းတန်စေတီသည် ထင်ရှားသော မြို့ဦးစေတီတစ်ဆူဖြစ်ပါကြောင်း၊ မြသိန်းတန်စေတီအနီး၌သဲကျောက်တောင်ကမ်းပါး၏ အမြင့်သည် ရေစစ်မျဉ်းအထက် ပေ ၈၀ ခန့် မြင့်မားပြီး မတ်စောက်လျက်ရှိပါကြောင်း၊ မြသိန်းတန်စေတီတည်ရှိရာ နေရာအထက်ဘက်တွင် ချင်းတွင်းမြစ်သည် အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန်စီးဆင်းနေပါကြောင်း။

လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့၊ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေ ယခင်ဆောင်ရွက်ပြီး မြေထိန်းတံတိုင်း၏ အောက်ဘက်တွင် ကမ်းပါးမြင့်မားမတ်စောက်ခြင်းနှင့်မိုးရေစီးကြောင်း ကျဆင်းခြင်းတို့ကြောင့် ယခင်တည်ဆောက်ခဲ့သည့် ကမ်းထိန်းနံရံ၏ အလျား ပေ ၁၅၀ ခန့်သည် ကမ်းပါးအိုကျမှုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး သာသနာ့ကုန်းမြေနှင့် စေတီတော်အနီးမြစ်ကမ်းပါးတည်ငြိမ်ခိုင်ခံ့ရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့၊ ရန်ကင်းတောင် သာသနာ့ရိပ်သာကုန်းမြေအား ချင်းတွင်းမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ကမ်းပါးအိကျနေသည့် အလျား ပေ ၁၅၀ အား လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတင်ပြတောင်းခံပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း (ခ)ကိုဆွိ၏ **ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ နိုင်ငံတော်ပိုင် ဘားအံလေဆိပ်အား ပုံမှန်လေကြောင်းခရီးစဉ်များကို ထည့်သွင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဘားအံလေယာဉ်ကွင်းသည် ၂၀၁၉ ခုနှစ် နောက်ပိုင်းမှစတင်၍ ယနေ့အထိ (၇) နှစ်ခန့်အသုံးပြုမှုမရှိခဲ့သဖြင့် ယခုအခါ ပြေးလမ်းမျက်နှာပြင် ပျက်စီးမှုများဖြစ်ပေါ်နေခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများတွင် လက်ရှိအသုံးပြုလျက်ရှိသော အငယ်ဆုံးလေယာဉ်များဖြစ်သည့် ATR 72 အမျိုးအစားလေယာဉ်များ အဆင်းအတက်ပြုလုပ်ရန် အနည်းဆုံးကွင်းအရှည် ပေ ၆၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ပြေးလမ်းချဲ့ထွင်နိုင်ရန်အတွက် လေယာဉ်ကွင်း၏ပတ်ဝန်းကျင်အခြေအနေအရ လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်မှ ပေ ၄၇၀၀ ခန့် အကွာတွင်ရှိသော သာသနာ့ကအဆောက်အအုံပေါ်တွင် တည်ထားသည့် စေတီတော်နေရာသည်လေယာဉ်ပြေးလမ်းတက်ဆည့်တည့်တည့်ပေါ်တွင် ကျရောက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်မှသတ်မှတ်ထားသော Obstacle Limitation Surface (OLS) အရ လွတ်ကင်းမှုမရှိသောကြောင့် လေယာဉ်များ အဆင်းအတက်ပြုလုပ်ရာတွင်အန္တရာယ်ဖြစ်စေနိုင်သဖြင့် လေယာဉ်ပြေးလမ်းအား မြောက်ဘက်သို့တိုးချဲ့၍မရနိုင်ပါကြောင်း။

လက်ရှိအနေဖြင့်ဘားအံလေဆိပ်နှင့်အနီးဆုံးဖြစ်သည့် မော်လမြိုင်လေဆိပ်သို့ လေကြောင်းခရီးစဉ်အဖြစ် အပတ်စဉ် တနလာနှင့် သောကြာနေ့တို့တွင် ပြေးဆွဲလျက်ရှိရာဘားအံမြို့နှင့်မော်လမြိုင်မြို့တို့၏ ကားလမ်းခရီးအကွာအဝေးသည် ၃၅ မိုင်ခန့်၊ ကြာချိန်အားဖြင့် ၁ နာရီခန့်သာကြာမြင့်မှုရှိပါသဖြင့် ဘားအံမြို့မှလေယာဉ်ခရီးစဉ်နှင့်လိုက်ပါလိုသူများ ခရီးသွားလာရေးအတွက် အဆင်ပြေချောမွေ့မှုရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဘားအံလေဆိပ်သို့ ပုံမှန်လေကြောင်းခရီးစဉ်များကို ဟိုသန်းပြေးဆွဲနိုင်ရေးအတွက် ကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန်လေယာဉ်များ ဆင်းပေးရမရပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတည်ဆောက်နိုင်ပါက နိုင်ငံတကာမှသင်္ဘောများဆိုက်ကပ်၍ကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်ခြင်း၊ Free Trade Zone (FTZ) ပြုလုပ်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာများ ပိုမိုရရှိနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသဖြင့် ကော့သောင်းမြို့တွင်နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (International Port) တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့်တည်ဆောက်ပေးရန်လျာထားမှုရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့သောင်းတွင် လက်ရှိအချိန်အလျား ၃၂၈ ပေ၊ အကျယ် ၉၈ ပေ ရှိသည့် ပြည်တွင်းဆိပ်ကမ်းတစ်ခုတည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကို ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်မေးမြန်းသည့်နေရာ၏မြောက်ဘက်တွင်လက်ရှိတော်ဆင်ဆိပ်ကမ်းတံတားရှိပါကြောင်း၊ အဆိုပါတံတားသည်သံကူကွန်ကရစ်ဆိပ်ကမ်းတံတားဖြစ်ပြီး သက်တမ်း ၂၈ နှစ်ရှိပြီဖြစ်သည့်အတွက်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆ခုနှစ်ဒီဇင်ဘာလအတွင်းပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဆိပ်ခံတံတားနှင့် ကိုယ်စားလှယ်မေးမြန်းသည့် ဆိပ်ကမ်းတံတားနှစ်ခု၏အကွာအဝေးသည် ၁၅ ပေသာရှိပြီး **စာမျက်နှာ ၈ သို့**

ဇာ **စာမျက်နှာ ၇ မှ**

အစအဆုံး မီတာ ၂၁၀ ဖြစ်သည့် အတွက် မီတာ ၉၀ ခန့်ရှိသည့် ရေယာဉ်၂စင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတစ်ခု တည်ဆောက်မည်ဆိုပါက သတ်မှတ်ချက်များနှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း၊အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများဝင်ရောက်နိုင်သည့် ရေနက်လုံလောက်မှုနှင့် သင်္ဘောကြီးများလှည့်နိုင်ပြီး ကပ်နိုင်၊ ခွာနိုင်မည့် အကျယ်အဝန်းရှိရမည်ဖြစ်ပါကြောင်း၊ နောက်ခံမြေ အကျယ်အဝန်းများလုံလောက်ရန်အနည်းဆုံး သတ်မှတ်ချက်သည် ၃၇ ဧက ဖြစ်သော်လည်း ကိုယ်စားလှယ်မေးမြန်းသည့်နေရာသည်၄၃ဧကသာ ရှိပါကြောင်း၊ ထို့ပြင် အထောက်အကူပြုပစ္စည်းများနှင့် ကွန်တိန်နာများကို သယ်ထုတ်မည့်ကားလမ်း၊ မီးရထားလမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတည်ဆောက်ရန်ကန့်သတ်ချက်များစွာရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအစား ပြည်တွင်း ကမ်းရိုးတန်းဆိပ်ကမ်းတစ်ခုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၂ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိုလျော့မှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မမြရေလှောင်တမံ တမံအောက်ပိုင်း အိုလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှောဇ၊ အပြင်ဘက်မှမြေသားတမံပုံစံ တမံအောက်ခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည်တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တမံအောက်ပိုင်း အိုလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံ၏အထက်ဘက်ရေပြင်နှင့် ထိစပ်နေသည့်အပိုင်းမှစ၍ တမံအိုလျော့နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းများ မခံရစေရန်အတွက် မိုးရေကာဖျင်များဖြင့် စနစ်တကျ အုပ်မိုးကာကွယ်ထားရှိမှု၊ ဘူမိရူပဗေဒ တိုင်းတာခြင်းလုပ်ငန်းအနေဖြင့် Resistivity Method (လျှပ်စစ်ခုခံမှုစမ်းသပ်ခြင်းနည်းလမ်း) ကို အသုံးပြု၍ မြေပေါ်မှကြိမ်နှုန်းနိမ့်လျှပ်စစ် (Low Frequency Alternating Current) ကို အောက်ခံမြေလွှာ၊ ကျောက်လွှာများအတွင်း ဖြတ်သန်းစေပြီး ရေပါဝင်မှုနှင့် မြေလွှာ၊ ကျောက်လွှာများ၏ အပျော့အမာပေါ်မူတည်၍ဖြစ်ပေါ်လာသော လျှပ်စစ်ခုခံမှုကိန်းဂဏန်းများကို အခြေခံတွက်ချက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊



တမံအတွင်းရှိသိုလှောင်ရေများကို ပိုမိုလျှော့ချနိုင်ရန်အရေးပေါ်ရေပိုလွှဲရေဆင်းလမ်းကြောင်း အောက်ကြမ်းခင်းနှင့် ဘေးနှစ်ဖက်ခွဲထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အချင်း ၁၀ လက်မရှိ ရေပိုက်သုံးစုံကိုအသုံးပြု၍ ဆိုင်ဖွန် (Syphon) နည်းဖြင့် ရေထုတ်လွှတ်လျက်ရှိမှု၊ မြေသားတမံအား ပိုမိုအားဖြစ်စေရန်အတွက် မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe)ကို ထည့်သွင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများတွင် ပါဝင်ကူညီနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ဒံပေါက်၊ သောက်ရေသန့်များနှင့် မုန့်များ ပေးဝေခဲ့သည်။

အဆိုပါ မမြရေလှောင်တမံ၏ တာတမံအိုလျော့ကျမှု ဖြစ်ပွားသည့် နေရာအား ကျောဘက်မှ မြေသားထောက်ခြင်းလုပ်ငန်းကို နိမ့်မြင့်အမှတ် ၂၃၃ ပေ၊ ပေ၂၅၀၊ ၂၆၆ ပေ စသည်ဖြင့် အဆင့်ဆင့် ထောက်ကန်ထားပြီးဖြစ်သည့်အပြင် ရေစစ်ကျောက်ရိုးဖြင့် ထောက်ခြင်းအား နိမ့်မြင့်အမှတ် ၂၃၃ ပေ အထိ ထောက်ထားပြီးဖြစ်ပြီး ဆက်လက်၍ရေလှောင်တမံအတွင်းရေ၏အခြေအနေအပေါ်မူတည်၍ မြေသားထောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မမြရေလှောင်တမံမြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် မြန်အောင်မြို့နယ် ဝက်ပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆီခြံကုန်းကျေးရွာတွင် ယာယီကျောင်းဆောင် ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံပြည်သူများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် မမြရေလှောင်တမံတမံအောက်ပိုင်း အိုလျော့ကျမှုအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး စိုးရိမ်ဖွယ်အခြေအနေမရှိတော့သဖြင့် မိမိတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးဝေခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြစ်ကြီးနားမြို့ မနောကွင်း၌ သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

မြစ်ကြီးနား အောက်တိုဘာ ၂၂

ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးဖြင့် ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ အောက်တိုဘာလ ၂၈ ရက်မှစတင်ကာ သုံးရက်ကြာကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမအတွင်းနှင့် ခန်းမရှေ့ကွင်းပြင်တို့တွင် ပြခန်းအုပ်စုနှင့် အရောင်းခန်းအုပ်စုဟူ၍အမျိုးအစားနှစ်ခုဖြင့် ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

ပြခန်းအုပ်စုတွင် မြစ်ကြီးနားတက္ကသိုလ်၏ပညာရပ်ဆိုင်ရာပြခန်း၊ ဒေသထွက် MSME ထုတ်ကုန်ပြခန်း၊ ကျောက်မျက်ရတနာပြခန်း၊ စိုက်ပျိုးရေးနှင့် သစ်တောဦးစီးဌာနပြခန်းတို့ ပါဝင်မည်ဖြစ်ပြီး အရောင်းခန်းအုပ်စုတွင် ဒေသထွက်စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် ကျောက်စိမ်း၊ ကျောက်မျက်လက်ဝတ်ရတနာအချောထည်အရောင်းပြခန်း စသည့် ကဏ္ဍလေးခုနှင့် သက်ဆိုင်သည့် အရောင်းဆိုင်ခန်းများလည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး၏ နှစ်ဆယ့်ခုနစ်နှစ်တာခရီး

- ဟိုရွှေ့ကသံစဉ်သာ ဘာသံလို့မေး။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမို့ နွဲ့ဆင်တဲ့တေး။
- မြန်မာ့ရိုးရာ အမွေတစ်ခု အနုပညာ ဆိုသည်မှာ။ အဆို၊ အက၊ အရေး၊ အတီး လေးနည်းစုံစွာ။ “အဆို”မှာ အသံရှိတာ “အက”မှာ ဟန်ရှိသဗျ။ “အရေး”မှာ စကားရှိပြီး “အတီး”မှာ သံစဉ်ညှိလို့ ထိမိ ရသ။
- တို့ရိုးရာ ယဉ်ကျေးမှု ထုဆစ်ကြ ကိုယ်ပိုင်ဟန်။ နူးညံ့ကာ လှပသိမ်မွေ့ ဓလေ့နှင့်စံ။ သီချင်းကြီး သီချင်းခွံမကျန် နိုင်ငံတော် ပုံရိပ်များ။ ဂုဏ်သိက္ခာ မည်ပြုန္မမ်းရအောင် ပိုးထမ်းကာ သက်သေပြတဲ့ မြန်မာ့အလှတရား။
- မြန်မာ့ဂီတ, မြန်မာ့အက ဖော်ပြကြ ပင်ကိုသဏ္ဌာန်။ ဇာတ်တော်ကြီး ဆိုငိုပြောလို့ နှောစပ်သည့်ဟန်။ ရုပ်သေးအက မဟာဆန် နိုင်ငံတကာအထိ ထင်ရှား။ သီချင်းအရေးအသား အတတ်ပညာက မပြတ်ထင်စွာ အလင်္ကာဆန်းနဲ့ လမ်းပြခေါ်သွား။
- နှစ်ဆယ့်ခုနစ်ကြိမ်မြောက်ကိုဖြင့် ထွန်းတောက်လို့လာခဲ့ပြီ။ သဘင်၊ ဂီတ၊ သုခုမတို့ နုရွှစုံညီ။ သည်ပွဲမျိုး ခုံမင်သည် ဂုဏ်အင်ညီ မြန်မာ့အရည်အသွေး။ ကမ္ဘာသိအမှန်တရားမို့ ပတ္တမြားအရောင် ထိန်ကြည်ရွှန်းသလို ထွန်းလင်းတယ်လေး။ ။

မင်းသစ်ဝင်း(ကျောက်တံခါး)

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

"ဟင် ကိုယ်တော်ဘုရားကြီးက လက်နက်တိုက်တော်ဘက်ကြွသွားပြီ၊ မြင်းကွင်းက ပြန်ကြွချီသွားပြီလေ"

"ဟာ ဒါဆို ဘဘဘုရားကို လိုက်လျှောက်ရဦးမှာပါ၊ ဟဲ့မောင်မင်း သွား ဘဘဘုရားကို အမြန်လိုက်လျှောက်"

ရဲမက်တစ်ဦးက ဦးကျော်ရွှေးတို့နောက်သို့ အပြေးလိုက်လျှောက်ကာ နောက်ကြောင်းသို့ပြန်လှည့်ရလေသည်။ ခြေမြန်နှစ်ယောက်နှင့်လာသော လူပျိုသားဗိုလ်ခြုံတို့လည်း အဝေးသို့ရောက်သွားကြလေပြီ။ ပုပွားမြို့စား မဟာမင်းလှမင်းထင်ကျော်ကြီးကြပ်ခဲ့သည့် အရှေ့မြောက်စွန်းလွန်ကဲမိတ် တံခါးမင်းလမ်းမှပင် ဖြတ်လျှောက်ကာ လက်နက်တော်စက်ရုံသို့သွားကြရသည်။

ဘဘဘုရားနှင့်နောက်ပါတို့ကား အမြင်ကွယ်အရပ်သို့ပင် ရောက်သွားကြလေပြီ။ ရှေ့တွင် ကိုယ်ရံတော်မြင်းသမားလေးယောက်ခြံရံလျက် ကကြိုးမပါကုန်းနှီးပက်လက် မြင်းကိုစီး၍ ကိုယ်ကျပ်နတ္ထိ ထီးဖွင့်မဆောင်း၊ ခေါင်းပေါင်းပိုးပဝါရွှေဝါရောင်နှင့် အရှင့်သားတော်တစ်ပါးလာနေသည်။ စံနက်ကျော်နှင့် ရဲမက်ငယ်ကျွန်တစ်စု မင်းလမ်းမမှ အမြန်ဆင်းကာ ခစားကြရလေသည်။ အရှင့်သားတော်က စံနက်ကျော် ရှေ့တည့်တည့်အရောက်၌ တုံ့ခနဲရပ်တော်မူလေသည်။

"ဟဲ့တပ်မှူးငယ်၊ မောင်မင်း ရန္တပိုပွဲကျောင်းသားငစဉ်နက်မဟုတ်လားကွဲ့၊ ကိုယ်တော့်ကိုမော်ဖူးပါလေ"

ထိုအခါမှ သူငယ်စဉ်ကတည်းက ကြည်ညိုလေးစားအတုယူခဲ့ရသော သုံးဆယ်မင်းသားကြီးဖြစ်နေလေသည်။ သုံးဆယ်မင်းသားကြီးမှာ အောက်ပြည်မြေထဲတောင်ငူဘက်သို့ တစ်ကိုယ်တော်လှည့်လည်ရာမှ ကုလားဖြူတို့နယ်မြေအတွင်း ဝင်ရောက်မိကာ ကုလားဖြူတို့၏ ဖမ်းဆီးသွေးခွဲခြင်းခံခဲ့ရလေသည်။ နန်းပလ္လင်ကို စိတ်မဝင်စား၊ ခမည်းတော်၊ မယ်တော်နှင့် ဆွေတော်မျိုးတော်တို့၏အကျိုးကိုသာလိုလားမြဲ၊ ရိုးသားစွာ ထက်မြက်လှသည့် ကိုယ်တော်တိုင် ချစ်ခင်နှစ်သက်တော်မူသော အိမ်တော်ပါသားတော်ကြီးဖြစ်၍ ဘဝရှင်မင်းတရားကြီးက ကြီးလေးသော အပြစ်မယူဘဲ ညီတော်အိမ်ရှေ့စံထံ တူတော်များအား ဆုံးမသွန်သင်ရန် အပ်နှံမြဲဖြစ်သည်။

"အရှင့်သားတော်ကြီး ကြွမြန်းတော်မူမှ စံနက်ကျော်တို့လည်း ခရီးဆက်ကြရလေရာ လက်နက်စက်ရုံတော် ကုန်းမြင့်ထက်ရောက်ချိန်တွင် ရွှေထီးတော်အရိပ်အောက်၌ မမောမပန်းနိုင် ဆောင်ရွက်တော်မူနေသည့် အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီးကို ပြင်သစ်လူမျိုးတစ်ဦးပြသနေသော ပြောင်းရှည်သေနတ်တစ်လက်အား ရှုစားတော်မူနေသည်ကို တွေ့ရသည် . . ."

အိမ်ရှေ့စံကိုယ်တော်ကြီးက မင်းသားကြီး ခြေငြိမ်စေရန်အတွက် သမီးတော်ရန်အောင်မြင့်ထိပ်စုဖုရားသီရိစိတ္တာဝတီမင်းသမီးနှင့် စုဖက်ပေးသနားကာ ထိန်းခဲ့သော်လည်း မင်းသားကြီးက ဝသီတော်အတိုင်း နောက်ပါအနည်းငယ်နှင့် တစ်ကိုယ်တော် ကြွလိုရာကြွတတ်မြဲဖြစ်လေ၏။ ယခုလည်း အထက်တကောင်းအရပ်မှပြန်လည်ကြွမြန်းတော်မူလာသည့် ခရီးရောက်မဆိုက်ဖြစ်ကြောင်း သိရသည်။

"မှန်လှပါ အရှင့်ဘုန်းတော်ကြောင့် ကြီးလေးသော တာဝန်များကို ထမ်းရွက်ခွင့်ရနေကြောင်းပါ ဘုရား"

"အိမ်း အိမ်း မောင်မင်းရဲ့သတင်းကတော့ မွေးပဲ့ကွယ်၊ ကိုယ်တော်ကြားမိပါရဲ့၊ ခုဘယ်ကများပြန်လာတာလဲ၊ နယ်ဘက်မှာတာဝန်ကျနေဆိုမောင်ရဲ့"

"မှန်လှပါ ရွှေနန်းတော် ဥပရာဇာမင်းတရားကြီး အခေါ်တော်ရှိ၍ ယနေ့နံနက်ကပင် ခြေတော်ရင်း ခစားမိကြောင်းပါဘုရား"

"ဩော် ... ဩော် ... ဩော် နောင်များမှ ကိုယ်တော့်စံအိမ်တော်ကို လာခဲ့စမ်းပါကွယ်"

အရှင့်သားတော်ကြီး ကြွမြန်းတော်မူမှ စံနက်ကျော်တို့လည်း ခရီးဆက်ကြရလေရာ လက်နက်စက်ရုံတော် ကုန်းမြင့်ထက်ရောက်ချိန်တွင် ရွှေထီးတော်အရိပ်အောက်၌ မမောမပန်းနိုင် ဆောင်ရွက်တော်မူနေသည့် အိမ်ရှေ့ဥပရာဇာကိုယ်တော်ကြီးကို ပြင်သစ်လူမျိုးတစ်ဦးပြသနေသော ပြောင်းရှည်သေနတ်တစ်လက် အား ရှုစားတော်မူနေသည်ကို တွေ့ရသည်။

"သီဟငယ် မဟုတ်လား၊ မောင်မင်းရဲ့ယမ်းစိမ်းတော်များ အလိုတော်ပြည့်ခဲ့ရဲ့လားကွဲ့"

"မှန်လှပါ ဘုန်းတော်ကြောင့် ပြည့်မီကြောင်းပါဘုရား"

စံနက်ကျော်က သေနတ်ဝန်ထံ အပ်ခဲ့ပြီးဖြစ်သော ယမ်းစိမ်းယမ်းတောင့်တို့၏ အရေအတွက်စာရင်းနှင့် တကွ ပိသာချိန်၊ အမျိုးအမည်တို့ကိုပါ တင်လျှောက်လေလျှင် အားရတော်မူသဖြင့် ပြုံးရွှင်စွာရှုစားနေတော်မူလေသည်။

"မောင်မင်းတို့ မြင်းခြံ ပုပွား ပုဂံနယ်တစ်လွှားမှာ ရော သာပြောစည်ပင် အေးချမ်းရဲ့လားကွဲ့"

"ဘုန်းတော်ကြောင့် အေးချမ်းစည်ပင်လှပါဘုရား"

"ဒါနဲ့ အခုရော ယမ်းဖိုယမ်းချက်အလုပ်များအတွက် ဘယ်သူ့ကိုတာဝန်လွှဲခဲ့သလဲကွဲ့၊ သည်အလုပ်က အင်မတန်ထိလွယ်ရှလွယ်တဲ့ အန္တရာယ်ကြီးတဲ့အလုပ်ပေပဲ"

"မှန်လှပါ ကျွန်တော်မျိုးကြီး၏အဘ ယမ်းဖိုသူကြီးနဲ့ ဗိုလ်ငယ်နှစ်ပါး စီမံကွပ်ကဲရန် အမှာထားခဲ့ကြောင်း ပါဘုရား"

စံနက်ကျော်၏ လျှောက်တင်စကားကြောင့် အိမ်ရှေ့စံကိုယ်တော်ကြီးဘုရားရွှင်ရွှင်ပျပျ နှစ်ထောင်းအားရဖြစ်တော်မူကာ နံဘေး၌ရပ်ကြည့်နေကြသည့် ပြင်သစ်လူမျိုးများနှင့် မိတ်ဆက်ပေးတော်မူလေသည်။

"အိမ်း မောင်မင်းလို တိုက်ရေးခိုက်ရေး စစ်ရေးသဘောအရည်အချင်းပြည့်မီသူ ခြေဖဝါးတော်အောက် အခစားရောက်သခိုက် မြောက်ဥယျာဉ်တော်မှာ သားတော်၊ သမီးတော်ကလေးများ သင်ကြားနေကြတဲ့ အဋ္ဌာရသပညာ ဓားခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းအတတ်နဲ့ မောင်မင်းကျွမ်းကျင်တဲ့ ပညာရပ်မှန်သမျှကို အချိန်ရသခိုက် သင်ကြားပြသရမယ်၊ နောင်တော်ဘုရားဆီက အမိန့်တော်ကို ကိုယ်တော်တိုင်လျှောက်ထားပေးတော်မူမယ်မောင်မင်း"

"ဝမ်းမြောက်လှကြောင်းပါဘုရား"

အရှင်ထီးဘုရားကြီးခြေတော်ရင်း၌ ရှိနေသခိုက် အရှင့်သားတော်၊ သမီးတော်၊ မြေးတော်ကလေးများကို သူကျွမ်းကျင်သော ကိုယ်ခံပညာ ဓားခုတ်၊ လှံထိုး၊ လှံယဉ်ပစ်၊ လောက်လွှဲပစ်၊ တုတ်တို၊ တုတ်ရှည် ကစားနည်းများမှအစ မြင်းစီး၊ ဆင်စီးအတတ်များကို ညနေတိုင်း သွားရောက်သင်ကြားပေးရသည်။ သုံးဆယ်မင်းသားကြီးကလည်း သူ့သားတော်၊ သမီးတော်ကလေးများကိုလည်း သင်ကြားပေးရန် မိန့်တော်မူသဖြင့် စံနက်ကျော်မှာ နားရသည်မရှိ၊ နေ့ည၊ နံနက်ဆက်လျက် စေတနာထား သင်ကြားပေးရလေသည်။

ဆက်လက်ဖော်ပြပါမည်။

● **ရှေ့ဖုံးမှအဆက်**

တာဝန်ရှိသူတို့က အရည်အသွေးမြင့်မား၍ အထွက်နှုန်းတိုးတက်ကောင်းမွန်ပြီး ရေမြေဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် ချည်မျှင်ရှည်ဝါမျိုးများဖြစ်သည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများကို ရွေးချယ်စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းကောင်းမွန်ရေးတောင်သူများနှင့် ပူးပေါင်း၍စိုက်ပျိုးနည်းစနစ်များကို အသိပညာပေးကူညီလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ချည်မျှင်ရှည်ဝါများကို ပေါင်လောင်ကြီး၊ တောင်တော်၊ ကင်း၊ ဖျောက်ဆပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲကျေးရွာအုပ်စုများနှင့် ရဲဘော်ကြီးကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြပြီး ၂၀၂၆- ၂၀၂၇ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ၁၀၂၇ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

❖ **သံတောင်ကြီးမှ**

လက်ဖက်မွှေးစိုက်ပျိုးထုတ်လုပ်ရောင်းချသူတစ်ဦးထံမှ သိရသည်။

လက်ဖက်မွှေးပင်များသည် စိုက်ပျိုးပြီး တစ်နှစ်ခန့်တွင် အရွက်များခူးယူနိုင်ပြီး အရွက်များကို တစ်နှစ်လျှင် လေးကြိမ်မှ ငါးကြိမ် အထိဆွတ်ခူးနိုင်သည်။ ခူးယူပြီး လက်ဖက်မွှေးအရွက်များကို ရေနှင့်သေချာစွာ သန့်စင်ဆေးကြောပြီး နေပူလှန်းကာ မီးဖြင့် မပူမအေး စနစ်တကျသေချာစွာ အခြောက်ခံရသည်။

ထို့နောက်လက်ဖက်မွှေးအရွက်ခြောက်များကို စနစ်တကျထုပ်ပိုးကာ သံတောင်ကြီးမြို့ပေါ်တွင် သာမက တောင်ငူမြို့ရှိ ကုန်စုံဆိုင်များတွင် တင်သွင်းရောင်းချရသည့်အတွက် မိသားစုအပိုဝင်ငွေရှိကြောင်း သိရသည်။

အဆိုပါလက်ဖက်မွှေးခြောက်များကို လက်ဖက်ခြောက်နှင့် ရောနှောထည့်ကာ ရေနွေးကြမ်းဖြင့် သုံးဆောင်နိုင်ပြီး အနံ့မွှေးကာ ဆေးဖက်ဝင်ကြောင်း သိရသည်။

နော်နော်မူ

လေဖြတ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းရှိ ဥက္ကလာဆေးရုံ(OSC)၌ ကျင်းပမည်ဖြစ်သည်။

လေဖြတ်ရသည့် အဓိကအကြောင်းရင်းများမှာ ဦးနှောက်သွေးကြောပိတ်ခြင်းနှင့် ဦးနှောက်သွေးကြောပေါက်ခြင်းတို့ကြောင့်ဖြစ်ပြီး မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်းမှာပင် လူတစ်ယောက်၏ဘဝနှင့်မိသားစုတစ်ခုလုံးကို ရုတ်တရက်ပြောင်းလဲသွားစေနိုင်သည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည်။ လေဖြတ်ခြင်းလက္ခဏာကိုစောစီးစွာသတိပြုမိပြီး အချိန်မီကြိုတင်ကာကွယ်နိုင်ပါက လေဖြတ်ခြင်းအန္တရာယ်မှကင်းဝေးနိုင်မည်ဖြစ်သည်။ လေဖြတ်ခြင်းနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နည်းများ၊ ရောဂါလက္ခဏာများနှင့် ကုသပုံများကို အဆိုပါအသိပညာပေးဟောပြောပွဲ၌ မျှဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

ပဲခူး အောက်တိုဘာ ၂၂



သာယာဝတီခရိုင်အတွင်းစိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် မင်းလှ-မိုးညှိလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းနေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများသွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအလိုက် တစ်ဆက်တစ်စပ်တည်း အဆင့်မြှင့်တင်နိုင်ရေး နှစ်စဉ်ဘတ်ဂျက်ရေးဆွဲတင်ပြရန်မှာကြားကာ မင်းလှ-မိုးညှိလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကျီးကုန်းကျေးရွာ၌ ဆီထွက်ပဲပုပ်တစ်ကွင်းတစ်ဆက်တည်း ဧက ၄၀၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကိုကြည့်ရှုအားပေးသည်။

ထို့နောက် မိုးညှိ-ထိန်တော-လက်ပံတန်း လမ်းပေါ်ရှိမိုင်တိုင် (၂၀/၃-၂၀/၅)၊ တံတားအမှတ် (၁/၂၁) ထွဋ်မြတ်ချောင်းတံတား ပေ ၉၀၀ မူလသစ်သားကြမ်းခင်းအစား C-Channel ကြမ်းခင်းအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် မိုးညှိ-ထိန်တော-လက်ပံတန်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ပဲပုပ်၊ ပဲတီစိမ်းနှင့် မတ်ပဲစိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ လက်ပံတန်း မြို့နယ် လက်ပံကုန်းကျေးရွာအုပ်စု၌ ဒေသခံတောင်သူများ မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး အုန်းကုန်းကျေးရွာနှင့် စာနီစုကျေးရွာ ကမ်းပြိုကမ်းစားမှုအခြေအနေနှင့် ကမ်းထိန်းပန်းတာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကာ ရေဘေးကာကွယ်ရေးတာများအပြင်၊ ဆည်/တမံများ၏ ကြံ့ခိုင်မှုများအား စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဥဿာတိုင်းသား

ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited ကုမ္ပဏီသည် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့်ဧရာတိကသဘာဝဓာတ်ငွေ့စီမံကိန်းများရှိ Maintenance Area တွင် Subsea Inspection, Repair and Maintenance(IRM) Campaign လုပ်ငန်းများအား MERMAID SAPPHIRE ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်သွားမည့် အကျယ်အဝန်းများကိုဖော်ပြသည့် Coordinate များဖြစ်သော လုပ်ကွက် M5/M6 ရှိ ရတနာဝပလက်ဖောင်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်နေရာ Point LCP မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၉ စက္ကန့်၊ Point MCP မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၆ စက္ကန့်၊ Point PP မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၅ စက္ကန့်၊ Point QP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၆ စက္ကန့်၊ Point WP1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ စက္ကန့်၊ Point WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ စက္ကန့်၊ Point WP3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၀၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၀၂ စက္ကန့်၊ Point WP4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၄ စက္ကန့်၊ YDN Export Line မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၆ စက္ကန့်၊ YDN Export Line မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ မိနစ် ၂၀ စက္ကန့်နှင့် လုပ်ကွက် M9 ရှိ ဧရာတိကပလက်ဖောင်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏တည်နေရာ Point ZPQ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၈၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၄ ဒသမ ၂၀၀ စက္ကန့်၊ Point ZWP1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၉ ဒသမ ၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၉ ဒသမ ၁၀၀ စက္ကန့်၊ Point ZWP2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၃၅ ဒသမ ၇၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၂၈ ဒသမ ၉၀၀ စက္ကန့်၊ Point ZWP3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၃၁ ဒသမ ၈၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၂၀ ဒသမ ၃၀၀ စက္ကန့်၊ Point ZWP4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄ ဒသမ ၁၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁ ဒသမ၂၉၃ စက္ကန့်၊ Point ZWP5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁ ဒသမ ၈၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၂ ဒသမ ၄၄၃ စက္ကန့်၊ Point ZWP6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈ ဒသမ ၆၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄ ဒသမ ၇၆၉ စက္ကန့်၊ Point ZWP7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇ ဒသမ ၉၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈ ဒသမ ၀၁၇ စက္ကန့်၊ Point ZWP8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၀၆ ဒသမ ၂၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၄ မိနစ် ၅၀ ဒသမ ၅၀၀ စက္ကန့်၊ Point ZWP9 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၂၂ ဒသမ ၂၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၀၇ ဒသမ ၃၉၀ စက္ကန့်၊ Point ZWP10 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၃၇ ဒသမ ၁၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၁၅ ဒသမ ၇၅၀ စက္ကန့်၊ Point ZWP11 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၀၄ ဒသမ ၄၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၃၆ ဒသမ ၄၅၀ စက္ကန့်၊ Point ZWP12 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၈၀ စက္ကန့်၊ Point ZWP13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၀၇ ဒသမ ၈၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၂၂ ဒသမ ၇၆၅ စက္ကန့်၊ Point ZWP14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၁၀ စက္ကန့်၊ Point ZWP15 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇ ဒသမ ၀၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂ ဒသမ ၉၅၄ စက္ကန့်၊ Point ZWP16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀ ဒသမ ၁၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၃၇၃ စက္ကန့်၊ Point ZWP17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄ ဒသမ ၈၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉ ဒသမ ၀၅၈ စက္ကန့်၊ Point ZWP18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀ ဒသမ ၁၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅ ဒသမ ၅၄၉ စက္ကန့်၊ Point ZWP19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄ ဒသမ ၁၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၀၀၇ စက္ကန့်၊ ZTK Export Line မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၇ ဒသမ ၀၃ စက္ကန့်နှင့် ZTK Export Line မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၃၄ ဒသမ ၂၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၁၃ ဒသမ ၃၃၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6) နှင့် M9 ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုင်းတာရေးသင်္ဘော MERMAID SAPPHIRE ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန



ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အခြေခံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၏ “ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန်” ဟူသော ရည်မှန်းချက်နှင့်အညီ ယခုသင်တန်းတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စာရင်းပြုစုခြင်း၊ စာရင်းနှင့်လုပ်ငန်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ၂၂ ခုမှ သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၃၀-၄-၂၀၂၆ ရက်နေ့တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အား ဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာစေတနာထားသောအားဖြင့်လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့်နေအိမ်၌ ဆက်လက်ကျခံစေရန်ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

၃-၈-၂၀၂၆ ရက်နေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အား အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude De Baqque နှင့်တွေ့ဆုံခွင့်ပြုခဲ့ပါသည်။ ၁၉-၁၀-၂၀၂၆ ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ တတိယမြောက်ချားလ်စ်ဘုရင်ကပေးပို့သည့် စာအုပ် ၂ အုပ်၊ အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်တွေ့ဆုံပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်သည် ဒေါ်အောင်ဆန်းစုကြည်အား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)လုပ်ငန်းစဉ်များအရလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာအတွင်းက ဆောင်ရွက်ပိုင်ခွင့်ရှိသော အထူးကိစ္စရပ်အနေဖြင့်လည်းကောင်း အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ကို ၎င်း၏သားဖြစ်သူ ကင်မဲအဲရစ်(ခ) ကိုထိန်လင်းနှင့် ၂၂-၁၀-၂၀၂၆ ရက်နေ့၊ ၁၄၃၀ အချိန်မှ ၁၄၅၀ အချိန်အထိ လန်ဒန်မြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် စကားပြောကြေးနန်းဖြင့် ကောင်စစ်ဆိုင်ရာဆက်သွယ်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်





(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



















၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများဆက်လက်ကျင်းပ



“မဟာဂီတ”တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် “တောင်ဇမ္ဗူပိုင်”(ယိုးဒယား) သီချင်းဖြင့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



“ကာလပေါ်”တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် “မဟာဗန္ဓုလ(ကိုထွန်းရွှေ)” သီချင်းဖြင့် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲ(သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုခြင်း)တွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်သီဆိုကြစဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသဒ္ဒါချစ်နှင့်အဖွဲ့ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ရှိနီလာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောင်ဇမ္ဗူပိုင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

“ကာလပေါ်”တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိမြခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မဟာဗန္ဓုလ(ကိုထွန်းရွှေ)” သီချင်းဖြင့်လည်းကောင်း **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မေတ္တာသံဝေ(လှလှရီ)” သီချင်းဖြင့်လည်းကောင်း **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆံရစ်ဝိုင်း(ကြည်ကြည်ဝင်း)”သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကပညာ၏ အနှစ်သာရနှင့် အနုပညာအလှတရားများကို ပေါ်လွင်ထင်ရှားစေသည့် ကကြိုးကကွက်များ၊ ဟန်ပန်အမူအရာများဖြင့် စည်းချက်ညီညီ၊ သွက်လက်ကြော့ရှင်းစွာ ကပြယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၏ တင့်တယ်ခမ်းနားမှုကို ဖော်ကျူးတင်ဆက်ကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုခြင်း)ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးမေမေ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **ပါဒနာရှင်အဆင့် (ပထမတန်း)အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ**တွင်ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ်ရတနာ” ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့်သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ မြန်မာ့ရိုးရာ ဂီတအနုပညာ၏အနှစ်သာရနှင့် သီဆိုမှုအနုပညာရသတို့ကိုပေါ်လွင်အောင် ရသစုံလင်စွာ ယှဉ်ပြိုင်သီဆိုကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက်အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် စာမျက်နှာ ၁၃ သို့** ⇒



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “ ဝိမူရ” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုမန်းရွှေဝိမူရဇာတ်တော်ကြီးအဖွဲ့ယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဒေယျာသီရိရုပ်စုံသဘင်အဖွဲ့ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

✠ **စာမျက်နှာ ၁၂ မှ**

အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဒေယျာအောင်ချာ”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဒေယျာမြို့” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်းလမ်းစပ်ကာ” (ကြိုး) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “တောနှင့်တောင်စွယ်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မေတ္တာဂုဏ်” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “စိမ်းလဲ့လဲ့”(ကြိုး)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခါန္ဓေဆန်း”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြေလျော့ခွေ” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြေလျော့ခွေ”(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခါန္ဓေဆန်း”(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ဖြိုးလည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရုတနာခန်းမ၌ ကျင်းပရာ **ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင် အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် “သုဝဏ္ဏသာမ”ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဒေယျာသီရိရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲ**တွင် “ဝိမူရ”ဇာတ်တော်ကြီးဖြင့် **မန္တလေးတိုင်းဒေသကြီး**ကိုယ်စားပြု**မန်းရွှေဝိမူရ**ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့်ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ အစဉ်အလာကို ထိန်းသိမ်းထားသော ဆို၊ ငို၊ ပြော အနုပညာ ပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍ လည်းကောင်း၊ ဇာတ်ကောင်တစ်ဦး ချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးကာ အနုပညာရာသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများကပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့်သတ်မှတ်ချက်အနေဖြင့် ဝါသနာရှင် အဆင့်(ပထမတန်း)၊ ဝါသနာရှင် အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက်၁၀နှစ်မှ ၁၅ နှစ်အတွင်း)တို့ကို ပြိုင်ပွဲအဆင့်များအဖြစ်သတ်မှတ်ထားပြီး နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် အောက်တိုဘာလ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ











အခုပြိုင်ပွဲကြီးမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအချင်းချင်း ယဉ်ကျေးမှုချင်းဖလှယ်ခွင့်ရရှိတာက ဘာနဲ့မှမလဲနိုင်တဲ့အခွင့်အရေးပါ။

မောင်အောင်မြင့်မြတ်

မောင်အောင်မြင့်မြတ်
အခြေခံပညာ(၁၅-၂၀)အတီး
(စန္ဒရား)ပြိုင်ပွဲဝင်
မကွေးတိုင်းဒေသကြီးကိုယ်စားပြု

အခုကျင်းပနေတဲ့ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ တစ်နှစ်နီးပါး လေ့ကျင့်ခဲ့ရပါတယ်။ အခုတစ်ကြိမ်နဲ့ ဆိုရင် ဗဟိုအဆင့် ပါဝင်ယှဉ်ပြိုင်တာ လေးနှစ်ရှိသွားပါပြီ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ခဲ့တဲ့နှစ်တွေမှာ ဆုတော့မရရှိခဲ့ပါဘူး။ ဒီနှစ်တော့ ဆုတံဆိပ် ရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ စန္ဒရားပညာကို အသက် ၁၁ နှစ်လောက် ကတည်းက လေ့လာသင်ယူခဲ့တာဖြစ်ပါတယ်။ စန္ဒရားပညာရပ်ကို လေ့လာဖြစ်တာကတော့ အဓိကက ဝါသနာပါလို့ပဲ ဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတော့ နောက်ထပ်တိုးပွားလာမယ့် မျိုးဆက်သစ်တွေထွက်ပေါ်လာမှာပဲဖြစ်ပါတယ်။ အခုပြိုင်ပွဲကြီးမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအချင်းချင်း ယဉ်ကျေးမှုချင်းဖလှယ်ခွင့်ရရှိတာကလည်း ဘာနဲ့မှမလဲနိုင်တဲ့အခွင့်အရေးပါ။ ဒီပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ခွင့်ရတာလည်း အင်မတန်ဝမ်းသာရပါတယ်။

မမေသူနိုင်စိုး အဆင့်မြင့်ပညာ(အက)

ကျွန်မက ရှမ်းပြည်နယ်ကို ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်မှာ တတိယနှစ် တက်နေပါတယ်။ ဗဟိုအဆင့်မှာ အခုမှစပြီးယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မြို့နယ်အဆင့် စတင်ယှဉ်ပြိုင်ကတည်းက ဆရာသမားတွေနဲ့ အကောင်းဆုံးလေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ အခုယှဉ်ပြိုင်ပြီးတဲ့အနေအထားမှာ လိုအပ်ချက်လေးတွေရှိနေပေမယ့် အားရကျေနပ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း အကဘာသာရပ်နဲ့ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်အဆင့် ယှဉ်ပြိုင်ရတာ ဝမ်းလည်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။



မောင်အောင်မြင့်မြတ်



မမေသူနိုင်စိုး



မောင်အောင်ဖြိုးလင်း



မကြယ်စင်လင်း



မောင်အောင်မျိုးဟိန်း



မအင်ကြင်းခိုင်

မောင်အောင်ဖြိုးလင်း အခြေခံပညာ(၁၅-၂၀) (အက)ရန်ကုန်ပြည်နယ်ကိုယ်စားပြု

အရင်နှစ်တွေကလည်း လာရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဆုမရရှိသေးတာကြောင့် အများကြီးကြိုးစားပြင်ဆင်လေ့ကျင့်ပြီး အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပါတယ်။ လာမယ့်နှစ်တွေမှာလည်း အကဘာသာရပ်နဲ့ပဲ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ယှဉ်ပြိုင်ခဲ့တဲ့အပေါ်မှာလည်း အားရကျေနပ်မှုရှိပါတယ်။

မကြယ်စင်လင်း
(၁၅-၂၀) (ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ)
ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု

အခြေခံပညာ ၁၅-၂၀ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်(အမျိုးသမီး)ပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခြောက်ခုကနေ ယှဉ်ပြိုင်ကြပါတယ်။ ကျွန်မတို့အဖွဲ့က ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေတံဆိပ်ဆွတ်ခူးဖို့အထိ အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ခြောက်လဝန်းကျင်လောက်လေ့ကျင့်ခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့က အနုပညာအထက်တန်းကျောင်းမှာ အကပညာကို သင်ယူနေကြပါတယ်။ ဆိုင်းဝိုင်းကြီးအဖွဲ့မှာပါတဲ့အဖွဲ့သားအားလုံးကလည်း တက်ညီလက်ညီနဲ့ အကောင်းဆုံးကြိုးစားထားပါတယ်။ ပထမဆုံးအကြိမ်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာလည်း ဖြစ်ပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ။ ပြိုင်ပွဲကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

မောင်အောင်မျိုးဟိန်း
အဆင့်မြင့်ပညာ(ပလေ့)
ကယားပြည်နယ်ကိုယ်စားပြု

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အဆင့်မြင့်ပညာအဆင့် ပလေ့အမျိုးသားပြိုင်ပွဲမှာ ဒီဆောင်းဟေမာန်ဘွဲ့နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ အပြည့်အဝ အားရကျေနပ်မှုရှိပါတယ်။ ဗဟိုအဆင့် ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဒီနှစ်ရောဆိုရင် လေးနှစ်ရှိပါပြီ။ ဒီနှစ်အဆင့်မြင့်ပညာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခြောက်ခုက ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ အားလုံးကိုကျော်တက်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်မယ်လို့ ယုံကြည်ပါတယ်။ မျိုးဆက်သစ် ညီငယ်ညီမငယ်တွေကိုလည်း ကျွန်တော်တတ်မြောက်ထားတဲ့ပညာတွေကို ဆက်လက်မျှဝေသွားပါမယ်။

မအင်ကြင်းခိုင် အခြေခံပညာ(၁၀-၁၅)
အတီး(တယော) မန္တလေးတိုင်းဒေသကြီး
ကိုယ်စားပြု

ပြိုင်ပွဲအတွက် သီချင်းသုံးပုဒ်နဲ့ လေ့ကျင့်ပြင်ဆင်ထားပါတယ်။ အနန္တငါးဖြာသီချင်းကတော့ အပိုင်နိုင်ဆုံးပါ။ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ပြင်ဆင်ထားပါတယ်။ (၂၆)ကြိမ်မြောက်မှာတုန်းက တယောနဲ့ပဲ ပထမဆုံးပြိုင်ပွဲဝင်ခဲ့တာပါ။ ဆုကတော့ မရခဲ့ပါဘူး။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

တွေ့ဆုံမေးမြန်းနှင့်
ဓာတ်ပုံ-လင်းသူရ

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝိဓူရဇာတ်တော်ကြီးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဝိဓူရဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ယနေ့ညဉ့်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "ဝိဓူရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်မှအရာရှိကြီးများနှင့်ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယသမ္မတသည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပရိသတ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု "မန်းရွှေဝိဓူရ"ဇာတ်တော်ကြီးအဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနိမ့်အမြင့်အလိုက် ရေးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ"ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင်အသုံးချသည့် "အငိုပညာ"ရပ်နှင့် နားထောင်ရသူစွဲမက်စေမည့် "အပြောပညာ"ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ် အတောက်မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်ကြသည်။

ဝိဓူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့်မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက်သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ၇ ပါးကိုပွားများနိုင်ကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်း ဖြစ်ကြောင်းသိရသည်။

၂၀၂၆ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ"ဝိဓူရ"ဇာတ်တော်ကြီး ပြိုင်ပွဲကို အောက်တိုဘာလ ၂၁ ရက်တွင်ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုတော်ဝင်ဥသာမဟာသဘင်ဇာတ်တော်ကြီး အဖွဲ့ကလည်းကောင်း ယနေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိဓူရဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း သရုပ်ဖော်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ မွန်ပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြုဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင်သရုပ်ဖော်ယှဉ်ပြိုင်သွားကြမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့်နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်မှဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ကြေညာချက်အမှတ်၁/၂၀၂၆ဖြင့် ၂၁-၄-၂၀၂၆တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) (AM) အဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးချင်းမောင်၊ ဦးမန်ခပ်၊ ဦး Y ခွန်းမောင်၊ ဦး K ပါဗီနှင့် ဦးလန်းညိုင်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခင်က NSCN –K အဖွဲ့သည် Bilateral လက်မှတ်ထိုးခဲ့သောအဖွဲ့ဖြစ်ကြောင်း၊ ယခင်လာရောက်ဆွေးနွေးစဉ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နာဂအမျိုးသားများသည် မိမိတို့၏ တိုင်းရင်းသားလူမျိုးများဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရမှဆောင်ရွက်ပေးရန်လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်း၊ NSCN –K (AM) အဖွဲ့သည် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးသွားစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ကြိုက်ကြောင်း၊ မိမိတို့အနေဖြင့် ယခုလို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုရရှိသည့်အတွက် သမိုင်းတွင်အရေးပါသော မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှ ရရှေ့ရည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့နောက်ကျကျန်ခဲ့မှုမရှိစေရေးပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်းနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကိုတိုးတက်စေမည့် ရလဒ်များရရှိအောင်ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြားမြို့နယ်များ ထပ်မံထည့်သွင်းဆောင်ရွက်လိုခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှတ်တော်တွင်တင်ပြဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒ(၄)ရပ်နှင့် အညီ ဆောင်ရွက်သွားရေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ၊ ကျေးရွာအုပ်စုများအား မြို့အဖြစ်ပြောင်းလဲဖွဲ့စည်းရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ ဦးစီးဌာနများ၏ သတ်မှတ်ချက်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး လမ်းအပိုင်းလိုက် ဦးစားပေးလိုအပ်ချက် သတ်မှတ်ပြီး တင်ပြသွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသော ဒေသခံကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ တက္ကသိုလ်၊ကောလိပ်နှင့် ပညာရေးကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးသွားမည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဆက်လက်ပြီးအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နယ်မြေဒေသအတွင်းရှိ တပ်မတော်၊ အစိုးရဌာနများနှင့် လုံခြုံရေး၊ဒေသဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းလက်တွဲဆောင်ရွက်ရေးနှင့် အောက်ခြေရှိလက်နက်ကိုင်တပ်ဖွဲ့ဝင်များမှငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သော ဆောင်ရွက်နေထိုင်မှုများ မပြုလုပ်ရန် စနစ်တကျကြပ်မတ်ပေးရေးတို့အား ဆွေးနွေးသည်။

ထို့နောက်နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအားလက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **မြဝတီ**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု “World’s Best Rice –2026” ရ “မြန်မာပေါ်ဆန်း” စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှအဆက်

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူလယ်သမားများ၊ မြန်မာပေါ်ဆန်းထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရရှိသည့် မြန်မာပေါ်ဆန်းအား ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လူငယ်မောင်မယ်လေးများက “လယ်ယာမြင့်မှ စီးပွားမြင့်မယ်” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သာမက နိုင်ငံသူနိုင်ငံသားအားလုံးအတွက် အလွန်အရေးပါသော အခမ်းအနားတစ်ရပ်ဖြစ်ကြောင်း၊ ဆန်သည် ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်၏ အဓိကအစာအာဟာရဖြစ်ပြီး ကမ္ဘာ့စားသုံးမှုပမာဏ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးနေသော ကမ္ဘာ့အဓိကစားသုံးသီးနှံတစ်မျိုးဖြစ်ကြောင်း၊ ဆန်စပါးသည် ကမ္ဘာ့စီးပွားရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အရေးပါသော ကုန်ပစ္စည်းတစ်မျိုးဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှုတွင် ဆယ်စုနှစ်ပေါင်းများစွာ ထိပ်တန်းမှ ပါဝင်ခဲ့ကြောင်း၊ ဆန်စပါးသည် ကမ္ဘာ့ကုန်သွယ်မှု

နိုင်ငံခြားဝင်ငွေတိုးတက်လာမည် ဖြစ်သကဲ့သို့ တောင်သူလယ်သမား များအတွက်လည်း ထိုက်တန်သည့် ဈေးနှုန်းနှင့် ဝင်ငွေရရှိစေနိုင်မည် ဖြစ်ကြောင်း။

မြန်မာ့ပေါ်ဆန်း၏ အရည်အသွေး ကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ် ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေး ထိန်းသိမ်းရေးတို့ သည် အလွန်အရေးကြီးကြောင်း၊ ဆန်အရည်အသွေး ထိန်းနိုင်ရန် အတွက် မြေနှင့်ရာသီဥတုသည် အထူးပင်အရေးကြီးသဖြင့် အလေး ထားရန်လိုကြောင်း၊ ရေမြေ၊ ရာသီ ဥတု၊ အထွက်နှုန်း၊ စားသုံးမှုအရည် အသွေးနှင့် ဈေးကွက်လိုအပ်ချက် များကိုအခြေခံပြီး သင့်လျော်သည့် မျိုးများကို စနစ်တကျရွေးချယ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "World's Best Rice – 2026" ဆုအား လွှဲပြောင်းပေးအပ်စဉ်။

❖ "မြန်မာ့ပေါ်ဆန်း" အမည်ကို နိုင်ငံတကာတွင် ပိုမိုအသိအမှတ်ပြုလာစေရန်အရည်အသွေးတည်ငြိမ်မှု၊ မူရင်းဒေသအတည်ပြုနိုင်မှုနှင့်စားသုံးသူ ယုံကြည်မှုတည်ဆောက်နိုင်ရေးတို့ကို အခြေခံသည့်ကုန်အမှတ်တံဆိပ် မဟာဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်ရန်လိုအပ် . . .

❖ "မြန်မာ့ပေါ်ဆန်း"အမည်ဖြင့်ရောင်းချသည့်ဆန်များတွင် ဈေးကွက်ခိုင်မာစွာ ရှိနေရေးအတွက် မျိုးကွဲရောနှောခြင်းများ၊ အရည်အသွေးမမှန်ကန်ခြင်း များမရှိစေရန် အားလုံးပါဝင်ထိန်းသိမ်းကြရမည် . . .

❖ မြန်မာ့ပေါ်ဆန်းကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ်ရရှိခဲ့ ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဂုဏ်ယူ ဝမ်းမြောက်ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်၊ မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့စပါးမျိုးရင်းများ၏ ထူးခြားသည့်အရည်အသွေးနှင့် တောင်သူ လယ်သမားများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ် မှုများကို ကမ္ဘာက အသိအမှတ်ပြုလိုက်ခြင်းဖြစ် . . .



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြခန်းများအလိုက်ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။

ထုတ်လုပ်ဖြန့်ဖြူးသွားရမည်ဖြစ် ကြောင်း၊ ကျန်မျိုးကွဲများကိုလည်း အနာဂတ်မျိုးမွေးမြူရေးလုပ်ငန်း များအတွက် မျိုးစေ့ဘဏ်တွင် စနစ်တကျထိန်းသိမ်းထားရန်လိုအပ် ကြောင်း။

အဆိုပါလုပ်ငန်းစဉ်များကို စိုက် ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက ဦးဆောင်ပြီး သုတေသီများ၊ပညာရှင်များ၊တောင်သူ များနှင့် သက်ဆိုင်ရာအဖွဲ့အစည်း များ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ချိန်တည်း၌ စိုက်ပျိုးချိန်၊ ရေသွင်းရေထုတ်ခြင်း၊ မြေဆီလွှာပြုပြင်ခြင်းနှင့် ပိုးမွှား ရောဂါကာကွယ်ခြင်းများတွင် သိပ္ပံ နည်းကျ နည်းပညာများအသုံးချပြီး ထုတ်လုပ်မှုစရိတ် လျှော့ချရေး နှင့် အရည်အသွေးတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ထို့အပြင် Digital Agriculture ၊ Precision Agriculture နှင့် အချက်အလက်အခြေပြု စိုက်ပျိုးရေးနည်းပညာများကို မိမိတို့ နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီ အောင် အဆင့်လိုက်အသုံးချသွား ရန်လိုအပ်ကြောင်း၊ ယနေ့ကျင်းပ သည့် အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ဆွေးနွေးတိုင်ပင်ပြီး အဆင့်လိုက် Action Plan များ ရေးဆွဲသွားကြရန် လိုကြောင်း။

သုတေသနကဏ္ဍတွင်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ JICA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်း စဉ်များမှ ရာသီမရွေးစိုက်ပျိုးနိုင် ရန်နှင့် အထွက်နှုန်းကောင်းမွန်ရန် **"ရေဆင်းပေါ်ဆန်း-၁"** နှင့် **"ရေဆင်း ပေါ်ဆန်း-၂"** မျိုးသစ်များကို မွေးမြူ ထုတ်လုပ်နိုင်ခဲ့သည်ကို အသိ အမှတ်ပြုကြောင်း၊ အဆိုပါရလဒ် များကို တောင်သူများ၏လယ်ကွင်း များအထိရောက်ပြီး အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သုတေသန လုပ်ငန်းများ၏ အကျိုးကျေးဇူးကို တောင်သူများနှင့် မိမိတို့ပြည်သူ များ အပြည့်အဝခံစားရမည်ဖြစ် ကြောင်း။

ယခုအောင်မြင်မှု၏ အဓိက မောင်းနှင်အားသည် လယ်ကွင်းထဲ၌ ကြိုးစားစိုက်ပျိုးခဲ့ကြသည့်တောင်သူ လယ်သမားကြီးများ၏ လုပ်အား နှင့် စေတနာများကြောင့်ပင်ဖြစ် ကြောင်း၊ ထို့ကြောင့် **တောင်သူဦးကြီး များအားလုံးကို အထူးဂုဏ်ပြု ချီးကျူးလို**ကြောင်း၊ ယခုရရှိခဲ့သည့် ဆုသည် တောင်သူများ၏ ဝင်ငွေ တိုးတက်ရေးအတွက် အခွင့်အလမ်း ကောင်းတစ်ရပ်ဖြစ်ရန်လိုကြောင်း၊ ထိုအတွက် အရည်အသွေးမြင့်စပါး ထုတ်လုပ်နိုင်ရုံဖြင့် မလုံလောက် ကြောင်း၊ ထိုက်တန်သည့် ဈေးနှုန်း ရရှိရန်၊ ထုတ်လုပ်မှုစရိတ်လျှော့ချ နိုင်ရန်နှင့် ဈေးကွက်ကို တိုက်ရိုက် ချိတ်ဆက်နိုင်ရန်လည်း အရေးကြီး ကြောင်း၊ ထို့ကြောင့် တောင်သူအစု အဖွဲ့များဖွဲ့စည်းပြီး စုပေါင်းစိုက်ပျိုး၊ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချ သည့်စနစ်ကို အားပေးဆောင်ရွက် သင့်ကြောင်း၊ ထွက်ရှိလာမည့်စပါး များကိုလည်း ကြိုတင်ဝယ်ယူရေး စာချုပ်များမှတစ်ဆင့် ဆန်စက် လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်း ရှင်များထံ တိုက်ရိုက်ချိတ်ဆက်ပေး နိုင်မည်ဆိုပါက တောင်သူများ အတွက် ဈေးကွက်အာမခံချက် ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ တောင်သူ၊ ကုန်သည်၊ ဆန်စက် လုပ်ငန်းရှင်နှင့် ပို့ကုန်လုပ်ငန်းရှင် များအကြား ခိုင်မာသည့် တန်ဖိုး ကွင်းဆက်တစ်ခုတည်ဆောက်နိုင် ရေးကိုလည်း အလေးထားဆောင် ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာဆန်ဈေးကွက် တွင် ထုတ်လုပ်မှုပမာဏမြင့်တင်ရန် လိုအပ်သကဲ့သို့ အရည်အသွေး၊ အစားအစာ ဘေးကင်းလုံခြုံမှု၊ ထုပ်ပိုးမှုနှင့် ကုန်အမှတ်တံဆိပ် အပေါ်ယုံကြည်မှုတို့သည် အရေးကြီး လာကြောင်း၊ ထို့ကြောင့် **"မြန်မာ့ ပေါ်ဆန်း"** အမည်ကို နိုင်ငံတကာ တွင် ပိုမိုအသိအမှတ်ပြုလာစေရန် အရည်အသွေးတည်ငြိမ်မှု၊ မူရင်း ဒေသအတည်ပြုနိုင်မှုနှင့် စားသုံးသူ ယုံကြည်မှုတည်ဆောက်နိုင်ရေး တို့ကို အခြေခံသည့် ကုန်အမှတ် တံဆိပ်မဟာဗျူဟာတစ်ရပ်ချမှတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပေါ်ဆန်းအမည်ဖြင့်ရောင်းချသည့် ထုတ်ကုန်များတွင် မျိုးကွဲရောနှော မှုနှင့် အရည်အသွေးမမှန်ကန်မှုများ မရှိစေရန်လည်း ထိန်းသိမ်းကြရမည် ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ် ၏ ဂုဏ်သတင်းကို ကာကွယ်ရန် အတွက် ပထဝီဒေသဆိုင်ရာ အညွှန်း အမှတ်အသားစနစ်များကိုလည်း လေ့လာဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်း သည် မြန်မာ့ဆန်စပါး ကဏ္ဍာ တစ်ခုလုံး၏ အကျိုးစီးပွားကို ကာကွယ်ခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာ ဈေးကွက်တွင် ရေရှည်ရပ်တည် နိုင်ရန် ထုတ်လုပ်မှုပမာဏတိုးမြှင့် ခြင်းအပြင် အစားအစာဘေးကင်း လုံခြုံရေး၊ အရည်အသွေးစံချိန် စံညွှန်းနှင့် ကုန်အမှတ်တံဆိပ် အပေါ် ယုံကြည်မှုတို့ကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Good Agricultural Practices (GAP) ၊ Good Manufacturing Practices (GMP) နှင့် HACCP စသည့် စနစ်များကို လိုအပ်ချက်အလိုက် အသုံးချပြီး အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲ ခန်းများနှင့် အာမခံစနစ်များကို အားကောင်းလာအောင် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ဈေးကွက် ယှဉ်ပြိုင်မှုတွင် သဘာဝနည်း စနစ်ဖြင့် စိုက်ပျိုးထားရုံနှင့် Organic Product အဖြစ် အလိုအလျောက် အသိအမှတ်ပြုခြင်းခံရမည်မဟုတ် သည့်အတွက် သက်ဆိုင်ရာစံချိန် စံညွှန်းများဖြင့် စစ်ဆေးအတည်ပြု မှုများကိုလည်း ပြည့်မီအောင် ဆောင်ရွက် **စာမျက်နှာ ၁၈ သို့** ★

☆ **စာမျက်နှာ ၁၇ မှ**

သွားကြရန် လိုအပ်ကြောင်း။

"မြန်မာ့ပေါ်ဆန်း" အမည်ဖြင့် ရောင်းချသည့်ဆန်များတွင်စွေးကွက်ခိုင်မာစွာရှိနေရေးအတွက် မျိုးကွဲရောနှောခြင်းများ၊ အရည်အသွေးမမှန်ကန်ခြင်းများ မရှိစေရန် အားလုံးပါဝင်ထိန်းသိမ်းကြရမည်၊ နိုင်ငံတကာ စွေးကွက်အသစ်များကိုလည်း ဆက်လက်ရှာဖွေချဲ့ထွင်ပြီး အွန်လိုင်းစွေးကွက်၊ နိုင်ငံတကာ အစားအစာပြပွဲများနှင့် ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းများကတစ်ဆင့် စားသုံးသူအသစ်များဆီ ရောက်ရှိအောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆန် တင် ပို့မှု ရည် မှ နှုန်းချက် ကို အကောင် အထည် ဖော် ရာတွင် လည်း အရည်အသွေးမြင့်ဆန်များ၏ အခန်းကဏ္ဍကို မြှင့်တင် ဆောင် ရွက် သွား ကြရန် လိုအပ် ကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် မိမိတို့ အားလုံး ပူးပေါင်းဆောင်ရွက်ကြရ မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးမြင့် စိုက်ပျိုးဧက၊ ထုတ်လုပ်မှုစရိတ်၊ တောင်သူဝင်ငွေ ဖြင့် နိုင်ငံတကာစွေးကွက်ရရှိမှုတို့ကို အခြေခံပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

In cooperation with neighbouring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security.

100

လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ၆ လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများလွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၁၂၂)၊ ကရင်(၀၉-၇၇၅၄၂၇၄)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၄၃၁၀၇၂၅၀၆)၊ တနင်္သာရီ(၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး(၀၉-၂၅၁၃၁၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၀၄၂)၊ မွန်(၀၉-၂၆၀၇၄၃၉၀၃)၊ ရခိုင်(၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

MCCT အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် MCCT အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အကျိုးခံစားခွင့်ရှိသူများအား ၆ လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများလွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၁၂၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၈၇၃၆၅၉၀၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၉၀၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာနဆ၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၂

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ဖြစ်သော အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ဂျာမနီနိုင်ငံ မြူးနစ်မြို့ Allianz Arena ကွင်း၌ အောက်တိုဘာလ ၂၂ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကစားချိန် ၂၅ မိနစ်တွင် အာဆင်နယ်အသင်းအတွက် အီဇီးက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင်ပြုပေးလိုက်ရပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၃၅ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် အဖွန်ဆိုဒေးဗီးက ချေပဂိုးသွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ ထို့နောက် ပွဲကစားချိန် ၆၁ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဟယ်ရီကိန်းက ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သော်လည်း ပွဲကစားချိန် ၈၂ မိနစ်တွင် အာဆင်နယ်အသင်းအတွက် ဒက်ကလန်ရိုက်က ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် နိုဝင်ဘာလ ၅ ရက်တွင် ဆလားဗီးယားပရက်ဂ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

⇨ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ယနေ့တိုင်းဒေသကြီးနှင့်ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၁၊ ၅၇၊ ၆၇၊ ၇၁၊ ၇၅)ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး(၅၂၊ ၅၄၊ ၅၇၊ ၆၀) ကီလိုတန်းပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်မြတ်လွင်(အပြာ)က မကွေးတိုင်းဒေသကြီးအသင်းမှ ထက်နိုင်အောင်(အနီ)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇဖေတန်(အပြာ)က မွန်ပြည်နယ်အသင်းမှ ရဲဇော်(အနီ)ကိုလည်းကောင်း၊ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကို(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်မြင့်ထွန်း(အပြာ)ကိုလည်းကောင်း၊ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စည်သူထက်(အနီ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စချစ်လင်း ဇော်(အပြာ)ကိုလည်းကောင်း၊ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စောဒဲနစ်ဗစ်တာဝါး(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲလွင်ထွန်း(အပြာ)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဌေးဌေးဇော်(အနီ)က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်ဗစ်တိုရီ(အပြာ)ကိုလည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ညောင်ရှမ်းဟွဲ့(အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက်(အနီ)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ မာလာစိုး(အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းခွဲ့နွဲ့နှောင်း(အနီ)ကိုလည်းကောင်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သော်တာဦး(အနီ)က ရှမ်းပြည်နယ်အသင်းမှမူနှင်းအေး(အပြာ)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၃ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

နေပြည်တော် အောက်တိုဘာ ၂၂

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရော့ခ်တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း (Control Room)ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံးဖြင့်ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့်ဆောင်နိုင်ကြီးဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ဆောင်နိုင်ကြီး၊ မဲရုံးလေးနှင့် ဝင်းကလောကျေးရွာတို့တွင် ဓာတ်အားပြတ်တောက်ခဲ့သည်။

အဆိုပါထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ၃၃ ကေဗွီဆောင်နိုင်ကြီး ဓာတ်အားခွဲရုံအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည်ဒေသခံပြည်သူလူထုနှင့်ပူးပေါင်းပြီး အောက်တိုဘာလ ၁၉ ရက်တွင် ဗုံးစထိမှန်ပျက်စီးခဲ့သော Control Room အတွင်း ဆက်သွယ်ထားသည့် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ထိန်းချုပ်(Control) ကေဘယ်ကြိုးများ၊ ၁၁ ကေဗွီ Station ဖီဒါရှိ Power Cable များကို ပြန်လည်ပြုပြင်ခြင်း၊ လိုအပ်သော ပစ္စည်းများအသစ်အစားထိုးပြုပြင်တပ်ဆင်ခြင်းများနှင့် အဆောက်အအုံအတွင်း ထိခိုက်ပျက်စီးမှုများကို ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးခဲ့ပြီးဆောင်ဇိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့်ဝင်းကလောကျေးရွာတို့၌ ယင်းနေ့ညနေပိုင်းတွင်ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

❒ **M League မှ**

တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

တောင်ဒဂုံအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားသည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက် တက် အသင်းတို့ပွဲတွင် နောက်ဆုံးကစားခဲ့သည့် ပွဲ၌ ဟံသာဝတီယူနိုက်တက်အသင်းက ရှုံးနိမ့်ထားပြီး ဧရာဝတီယူနိုက် တက်အသင်းသည်လည်း သရေပွဲသာရရှိခဲ့၍ နိုင်ပွဲရှာအသင်း နှစ်သင်းဆုံတွေ့သည့် ပွဲကောင်း တစ်ပွဲဖြစ်သည်။

ပွဲကစားချိန် ၆၄ မိနစ်တွင် ဧရာဝတီယူနိုက် တက် အသင်းဂိုးဧရိယာအတွင်း ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် ဟံသာဝတီယူနိုက်တက်အသင်း ပယ်နယ် တီကန်ခွင့်ရခဲ့သည်။ ပယ်နယ်တီကိုဟံသာဝတီယူနိုက်တက်အသင်း ခေါင်းဆောင် အောင်ဇော်ဦးက ကန်သွင်းပြီး ဦးဆောင်ဂိုးရယူသွားသည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း ဧရာဝတီယူနိုက် တက်အသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ဟံသာဝတီယူနိုက် တက် အသင်း နောက်တန်းကို ကောင်းစွာ ကျော်ဖြတ်နိုင်ခြင်း မရှိဘဲ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့၍ ပွဲအပြီးတွင်ဟံသာဝတီယူနိုက်တက် အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် Galaxy အသင်းနှင့် Falcon အသင်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ဝန်းရံခ

■ **အာရှမသန်စွမ်းသူများမှ**

ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ရေကူးပြိုင်ပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသား မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ထိုင်းအသင်းမှ အားကစားသမား နှစ်ဦး၊ ကိုရီးယားအသင်းမှ အားကစားသမားတစ်ဦး၊ မြန်မာအသင်းမှ အားကစားသမားတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရေကူးအားကစားသမား ညီညီလင်းထက်က ၃ မိနစ် ၀၁ ဒသမ၂၃ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် အောက်တိုဘာလ ၂၂ ရက်အထိ ပြိုင်ပွဲများအပြီး၌ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု စုစုပေါင်းဆုတံဆိပ်လေးခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာလ ၂၃ ရက်တွင် မြန်မာအသင်းမှ ရေကူးအားကစားသမား ညီညီလင်းထက်က မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲအား ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



FDA- စ၅/ ၂၁၃၄/ ထလ

canesugarokt7 @gmail.com





ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။

အုတ်တွင်းသကြားစက်

SIN MINN

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ



ISO 9001
BUREAU VERITAS
Certification
Excluding design
UKAS MANAGEMENT SYSTEMS
0008




BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၉၉၃၃၃၈၈၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော ကြံ၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား









ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၁၂၂
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ

နှင့်

Mount Pleasant Coffee

PURE ARABICA COFFEE



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဲ့လာခုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၇၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀ ၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများအား ၎င်းတို့၏နေအိမ်များသို့ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများအား ၎င်းတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ကူညီရွှေ့ပြောင်းပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၎င်းတို့က၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါ်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများလျှောချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာစက်ယန္တရားများအသုံးပြု၍ ယနေ့တွင်အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာလ ၂၂ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၀ ဒသမ ၅ ပေသာကျန်ရှိတော့သဖြင့် ၁၄ ဒသမ ၅ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်းနှင့် တမံကျိုးပေါက်မှုအန္တရာယ်စိုးရိမ်ဖွယ်မရှိတော့သဖြင့် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိကျေးရွာများမှဒေသခံပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများမှငင်းတို့၏ နေအိမ်များသို့ပြန်လည်ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



ခန္တီးတပ်နယ်မှတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ခန္တီးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စီးပွားစွန့်လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဖျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းသိရှိရသည်။

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း **စာမျက်နှာ ၂၉ သို့ ➤**

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





အစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကို

မြစ်ကြီးနားမြို့နှင့် တွံတေးမြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိခေမာသီဝံပရိယတ္တိစာသင်တိုက်တွင် သံဃာတော် ၇၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိသံဃာတော်များအား လျှဖျယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၃၄ ဦးတို့အား အဆိုပါကျေးရွာရှိ ပုဗ္ဗါရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒေသတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်ယည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

၂၂-၁၀-၂၀၂၆ ရက်နေ့ ဈေးကွက်သတ္တုငွေ(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်** ဖြစ်သည်။ **ဈေးကွက်သတ္တုငွေ(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

➤ **စာမျက်နှာ ၂၈ မှ**

ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုန်လှိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု

ဖြိုဖျက်ပြီးစီးမှု



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	တာချိတ်	မော်လမြိုင်	လားရှိုး	တောင်ကြီး	ရေစီတော်	ဟားခါး
92 Ron	၄၇၁၅	၄၈၃၀	၄၈၂၀	၄၇၃၀	၄၈၅၅	၄၈၉၀	၄၉၂၅	၄၈၀၀	၅၁၇၀	၅၂၀၀	၄၈၂၀	၄၉၈၀	၄၉၁၅	၄၈၇၀	၄၈၈၀	၅၁၁၀
95 Ron	၄၈၃၅	၄၉၉၀	၄၉၄၀	၄၈၅၀	၄၉၉၅	၅၀၁၀	၅၀၄၀	၄၉၂၀	၅၂၉၀	၅၃၂၀	၄၉၄၀	၅၀၃၅	၅၀၃၀	၄၉၉၀	၅၀၀၀	၅၂၃၀
HSD (500 ppm)	၄၄၄၅	၄၅၉၀	၄၅၄၅	၄၄၅၀	၄၅၉၅	၄၆၁၀	၄၆၄၀	၄၅၂၅	-	၄၉၀၅	၄၅၄၅	၅၁၃၀	၄၆၃၀	၄၅၉၀	၄၆၀၀	၄၈၂၀
HSD (50 ppm)	၅၁၇၅	၅၂၃၀	၅၁၈၀	၅၁၉၀	၅၂၃၅	၅၂၄၅	၅၂၈၀	၅၁၆၀	၅၈၃၀	၅၈၅၅	၅၁၈၀	၅၆၇၀	၅၂၇၀	၅၂၃၀	၅၂၄၀	၅၂၇၀
HSD (10 ppm)	၅၁၇၅	၅၂၃၀	၅၁၈၀	၅၁၉၀	၅၂၃၅	၅၂၄၅	၅၂၈၀	၅၁၆၀		၅၈၅၅	၅၁၈၀	၅၆၇၀	၅၂၇၀	၅၂၃၀	၅၂၄၀	၅၂၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၈၆	၄၆၁၀
95 Ron	၄၆၀၂	၄၇၂၇
HSD (500 ppm)	၄၂၃၆	၄၃၅၀
HSD (50 ppm)	၅၁၂၃	၅၂၂၆
HSD (10 ppm)	၅၁၂၃	၅၂၂၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄)နေ သူဇာဝင်းထွေး(ဘ) ဦးကျော်စိန် ၃/မဝတ(နိုင်)၀၃၁၀၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 088510)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၇၈၀၅၇၂၅**

ပညာဘဏ်တိုက်စာကြည့်တိုက်

ပျောက်ဆုံးကြောင်း

တင်စိုးမိုး(ဘ)ဦးရဲမြင့် ၁၂/ဗဟန(နိုင်) ၀၆၁၃၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၅**

ပျောက်ဆုံးကြောင်း

သူရိန်ထွန်း(ဘ)ဦးကျင်ထွေး ဂ/ညလပ(နိုင်) ၂၂၆၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 662852)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၉၀၁၇၀၉**

ပျောက်ဆုံးကြောင်း

မိုးမိုးဦး(ဘ)ဦးသန်းဝင်း၈/ပမန(နိုင်)၁၈၀၃၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 197558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၅၉၃၅၃၃၈၇**

ပျောက်ဆုံးကြောင်း

ချစ်ဆွေဦး(ဘ)ဦးထွန်းအေး ၁၁/အမန(နိုင်) ၀၄၄၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၀၃၉၈၆၄၀**

ပျောက်ဆုံးကြောင်း

တင်အောင်မိုး(ဘ)ဦးမောင်မြင့် ၁၂/ဒဂဆ (နိုင်)၀၄၇၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 512245)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၅**

ပျောက်ဆုံးကြောင်း

နော်ပိုပို(ဘ)ဦးဩဂဲစတီး ၁၄/ဓနဖ(နိုင်) ၁၅၀၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၄၁၅၅၅၃၄**

ပျောက်ဆုံးကြောင်း

ဟန်ဆွေ(ဘ)ဦးထွန်း၀ ၁၂/သဃက(နိုင်) ၀၃၇၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 542866)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၇၃၀၀၉**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို(မြို့နယ်၊ ပခန်းကြီး အ.ထ.က Grade-7 တွင် ပညာသင်ကြားခဲ့သော ကျောင်း၀င်အမှတ် ၁၀၈၅၁ မောင်ရဲကိုဦး၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်လွမ်းနောင်ဖြစ်ပါကြောင်း။ **မောင်လွမ်းနောင်**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြေခဲတောင် အ.လ.က Grade-8 တွင် ပညာသင်ကြားခဲ့သော အဘဦးကျော်မြင့်စိုး၏သား မောင်ကျော်မိုးလွင်၏အမည်မှန်မှာ ဖွားစာရင်းအမှတ် ၂၄၃/၀၈ အရ မောင်ကျော်မိုးအောင်ဖြစ်ပါကြောင်း။ **မောင်ကျော်မိုးအောင်**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ နှောပင်ကျေးရွာနေ အဘ ဦးကိုလွင်၏သား မောင်လှတိုး၏အမည်မှန်မှာ ဖွားစာရင်းမှတ်ပုံတင်အမှတ် 37/06 အရ မောင်ရွှိုင်းရယ်ဦး ဖြစ်ပါကြောင်း။ **မောင်ရွှိုင်းရယ်ဦး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင်ရွှေ့လျားဆေးကုသယာဉ်(၂)စီးအား၄င်းရမ်းပြီး လိုအပ်ချက်ရှိသောနေရာဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၁၀-၂၀၂၆ ရက်နေ့မှ ၅-၁၁-၂၀၂၆ ရက်နေ့ထိ

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန် - ၁၉-၁၁-၂၀၂၆ ရက်နေ့(၁၆:၃၀)နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-၉/၇၇ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၂။ သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းလာသည့်လျှောက်လွှာများကို လုံး၀(လုံး၀)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့တွင်လေ့လာနိုင်ပြီး ဖုန်း ၀၆၇-၃၄၁၇၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝန်ကြီးဌာနတင်ဒါကော်မတီ

ပြောက်ဆုံးကြောင်း

ဒေါ်ခင်ခင်ဝင်း(ဘ)ဦးစိုးမြင့်သိန်း ၁၂/ကသန(နိုင်) ၀၁၂၀၂၂၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 983883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၅၂၂

ပြောက်ဆုံးကြောင်း

ရွှန်း၀င့်၀တီအောင်(ဘ)ဦးအောင်ပိုင်စိုး ၉/မသန(နိုင်)၁၆၉၂၂၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MH 135770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၄၈၃၂၂၇

ပြောက်ဆုံးကြောင်း

ဘီဆွာဂျီးသံ(ဘ)ဦးဂူလာဂျမ်း ၇/ကတခ(နိုင်)၀၉၃၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၄၄၀၀၄၄၂၂

ပြောက်ဆုံးကြောင်း

နေဝံလားဂေးဝါး(ဘ)စောဆာထော် ၁၂/တကန(နိုင်)၂၂၇၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၅၀၇၃၀၄

ပြောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲကနယ် အုပ်စု၊ မဲကနယ်ကျေးရွာနေ မင်းဟုန်ထောင်(ဘ)ဦးမောင်လေး ၁၀/ကမရ(နိုင်) ၀၉၈၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 107778)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၂၈၆၉၂၂

ပြောက်ဆုံးကြောင်း

ထန်းတပင်မြို့နေ နန်းရတီဦး(ဘ) ခွန်ဌေး၀င်း ၇/ထတပ(နိုင်)၁၂၆၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 471808)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

တစ်ဦးတည်းဖြစ်ပါကြောင်း

မှော်ဘီမြို့နယ်၊ အင်းလျက်အုပ်စု၊ ဖန်ခါးကုန်းရွာနေ အဘ ဦးစောရှာကီ၏သမီး ၁၃/မဆန(နိုင်)၀၀၉၃၁၀၆ ကိုင်ဆောင်သူ အိန်ဂျယ်လာ(ခ)ဒေါ်ခင်နှင်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
အိန်ဂျယ်လာ(ခ)ဒေါ်ခင်နှင်းဦး

ပြောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နေ အောင်နိုင်ဖြိုး(ဘ)ဦးညွှန့်၀င်း ၃/ကကရ(နိုင်)၁၅၅၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 992910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပြောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ အမှတ်(၁)ရပ်ကွက်နေ စောကြည်မင်း(ဘ)ဦးစောသီဟန် ၃/ကကရ(နိုင်)၁၅၆၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 575090)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၆၀၀၅၄၁

ပြောက်ဆုံးကြောင်း

သထုံမြို့နေ ကျော်မျိုးထက်(ဘ) ဦးမောင်ထူး ၁၀/သထန(နိုင်)၂၅၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 908287)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပြောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ ဆင်ရွာနေ မြင့်ရွှေ(ဘ) ဦးလှကြည် ၇/၀မန(နိုင်)၁၂၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 852451)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၄၅၅၈၂၂၂

ပြောက်ဆုံးကြောင်း

မြဝတီမြို့နယ်၊ အမှတ်(၄)နေ နန်းကြူကြူသင်း(ဘ)ဦးအောင်သင်း ၃/မ၀တ(နိုင်)၀၄၂၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 703612)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၈၀၅၇၂၂၅

ပြောက်ဆုံးကြောင်း

ပုဏ္ဏားကျွန်းမြို့နေ ကြည်ကြည်သန်း(ဘ)ဦးခိုင်စံအောင် ၁၁/ပဏာက(နိုင်) ၀၈၁၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 472655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပြောက်ဆုံးကြောင်း

နန်းမွမ်းစံ(ဘ)ဦးစိုင်းအိုက်ညို ၁၃/တမန(နိုင်)၁၃၅၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 0055458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့နယ်၊ ပန်ဟုန်းရွာနေ ခေါ်နွယ်နီ အောင် ၁၃/တခလ(နိုင်)၀၂၂၃၃၁ ကိုင်ဆောင်သူ၏မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁-၁၉၇၆ ဖြစ်ပါကြောင်း။
၃၁-၁-၁၉၇၆

ပြောက်ဆုံးကြောင်း

တင့်လွင်(ဘ)ဦးတင်ဝင်း ၇/သနပ(နိုင်) ၀၇၆၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 505118)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

၄ဝါထွေး(ဘ)ဦးတင်ထွေး ၁၂/လသယ(နိုင်) ၀၃၄၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 231214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

ရာဇာမျိုး(ဘ)ဦးမြင့်သိန်း ၁၂/အစန(နိုင်) ၀၆၄၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 983883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

မေသဲနွေး(ဘ)ဦးကျော်နိုင်ဝင်း ၇/ပမန(နိုင်) ၂၀၃၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

ဆန်းမင်း(ဘ)ဦးတင်အောင် ၁၂/ဥကတ(နိုင်) ၁၄၂၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၇၃၃၇

ပြောက်ဆုံးကြောင်း

ရဲထက်အောင်(ဘ)ဦးကျော်ရွှင် ၁၄/ဓနဖ (နိုင်)၁၆၈၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၂၅၀၆၅၇

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ခွဲ)ကရင်၀င်းစိန်၊ Grade-6(A) မှ နော်နိုးနိုးချမ်း၏ဖခင်အမည်မှန်မှာ စောပြည်ဟိန်း ၁၀/ခဆန(နိုင်)၀၉၃၆၃ ဖြစ်ပါကြောင်း။
စောပြည်ဟိန်း

ပြောက်ဆုံးကြောင်း

ထန်းတပင်မြို့နေ နန်းသိန်းမယ်(ဘ) ဦးသန်းနိုင် ၇/ထတပ(နိုင်)၁၃၉၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 895210)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

---

(၄၄)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၏ ကျက်သရေဆောင်သမိုင်း၀င်ဓာတ်တော်ဘုရားကြီး၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၂၀-၁၂-၂၀၂၆ မှ ၂၉-၁၂-၂၀၂၆ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ပါသည်။ ဧဘတ်ပွဲ၊ စျေးဆိုင်ခန်းလေလံပွဲအား ၂၉-၁၀-၂၀၂၆ ရက်နေ့ နံနက် ၁၀ နာရီတွင် ဓာတ်တော်ဘုရားဓမ္မာရုံ၌ကျင်းပသွားမည်ဖြစ်ပါကြောင်းကြော်ငြာအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်

ဦးမြင့်တိုး(ဥက္ကဋ္ဌ) - ၀၉-၅၃၁၁၃၈၆၊ ၀၉-၉၇၄၄၄၁၀၀၀

ဦးတင်မျိုးချုန့်(ဒု-ဥက္ကဋ္ဌ) - ၀၉-၄၄၈၉၈၉၄၄

ဦးကြည်ဆွေ(အတွင်းရေးမှူး) - ၀၉-၆၈၀၈၆၇၁၄၆

ပြောက်ဆုံးကြောင်း

သက်ပိုင်စိုး(ဘ)ဦးမြင့်ဆွေ ၇/ဇကန(နိုင်) ၀၆၃၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

အာကာညွှန့်(ဘ)ဦးသောင်းညွှန့် ၁၂/တကန(နိုင်)၁၈၃၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အမည်ပြောင်း

ပဲခူးမြို့၊ ရွှေဟသံဘုရားကုပ်ပိုင်အလယ်တန်းကျောင်း၊ Grade-4 မှ အဘ ဦးကျော်ကျော်ဦး၏သား မောင်အာကာဘုန်းမြတ်အား မောင်ရွှိုင်းသူရဟုပြောင်းလဲခေါ်ဆိုပါရန်။
မောင်ရွှိုင်းသူရ

ပြောက်ဆုံးကြောင်း

ထက်ထက်မိုးအေး(ဘ)ဦးတင်အေး ၁၁/မပန(နိုင်)၀၉၃၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 458116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၇၀၉၅၉၀

မိဘအမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(ခွဲ) ကရင်၀င်းစိန်၊ Grade-6(B) မှ စောအောင်ဖြိုးသူ၏ မိဘအမည်မှန်မှာ စောမြင့်လွင် ၁၀/ခဆန(နိုင်) ၀၆၁၉၆၂ နှင့် နော်အေးစိန် ၁၀/ခဆန(နိုင်)၀၈၆၄၄၆ တို့ဖြစ်ပါကြောင်း။
စောမြင့်လွင်-နော်အေးစိန်

အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အ.ထ.က သာဂရ Grade-6 မှ အဘ ဦးစိုးထွန်းအောင်၏သား မောင်၀ေယံမင်း၏အမည်မှန်မှာ မောင်၀ေယံထွန်းဖြစ်ပါကြောင်း။
မောင်၀ေယံထွန်း

ပြောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ယာကြီးရွာနေ ထိန်လင်း(ဘ)ဦးကျော်တင် ၉/ပဘန(နိုင်)၂၀၇၀၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၀၁၀၄၆၇

ပြောက်ဆုံးကြောင်း

အမေက၊ အလယ်ကုန်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-3 မှ ဦးစိုးလှိုင်မြင့် ၁၄/ပသန(နိုင်)၁၈၅၂၈၀ ၏သား မောင်ဥဘာဏ်၀င့်ထည်အား မောင်ဇေလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဇေလင်းထက်

ပြောက်ဆုံးကြောင်း

နေခြည်အောင်(ဘ)ဦးချစ်စိုး ၇/ညလပ(နိုင်) ၀၉၀၃၇၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(M 603755)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

နွယ်နီလင်း(ဘ)ဦးတင်လှ ၁၂/တမန(နိုင်) ၁၀၅၃၃၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MB 983850)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပြောက်ဆုံးကြောင်း

အောင်သန်းဌေး(ဘ)ဦးစောသန်းသန်း ၃/သတန(နိုင်)၁၃၆၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 249261)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

မိဘအမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(ခွဲ) ကရင်၀င်းစိန်၊ Grade-6(B) မှ စောအောင်ဖြိုးသူ၏ မိဘအမည်မှန်မှာ စောစိန်သန်း ၁၀/ခဆန(နိုင်) ၁၁၁၂၂ နှင့် နန်းနှင်းဝေဝေ ၁၀/ခဆန(နိုင်)၃၇၃စ၄၄ တို့ဖြစ်ပါကြောင်း။
စောစိန်သန်း-နန်းနှင်းဝေဝေ

ပြောက်ဆုံးကြောင်း

ရန်ရှင်းဦး(ဘ)ဦးထွန်းထွန်းဦး ၉/အမစ (နိုင်)၀၃၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 200503)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၄၃၄၈၃၂၇

ပြောက်ဆုံးကြောင်း

သဲကုန်းမြို့နယ်၊ ပုတီကုန်းရွာ၊ ရုံပင်လမ်းခွနေ ဝင်းထိုက်(ဘ)ဦးဘိုစိုး ၇/သကန(နိုင်)၁၀၅၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 355299)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၀၁၀၄၆၇

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒေါ်ခင်မြင့်ဝေ
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ ခြံအမှတ်(F-3)နေ (ဦးစောမောင်)-(ဒေါ်ငွေခင်)တို့၏သမီးလတ်၊ (ဦးမြထွန်း)-(ဒေါ်တင်အေး)တို့၏ချွေးမ၊ (ဗိုလ်ချုပ်ဇေယျကျော်ထင်တင်ထွန်း)၏ဇနီး၊ (ဦးပြည်ဦးမြင့်)-ဒေါ်နော်သလဲထူး၊ ဦးအောင်မျိုးဟိန်း-ဒေါ်နီနီတင်ထွန်း၊ ဦးမြတ်ညိမ်း-ဒေါ်ချိုသီသီဝေတို့၏မွေးသမီးခင်ကျေးဇူးရှင်၊ မအိမ့်ချမ်းမြေ့ခင်၊ မသန့်သီရိထွန်း၊ မအိမ့်ယမုံခင်၊ မသွန်းရတနာထွန်း၊ မောင်မြတ်ဉာဏ်ဟိန်းတို့၏ချစ်လှစွာသော အဘွားသည် ၂၂-၁၀-၂၀၂၆ ရက်(ကြာသပတေးနေ့)ည ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၆ ရက်(စနေနေ့)နံနက် ၈ နာရီတွင် ရေဝေးသုသာန်ခန်းမဆောင်မှ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်ချုပ်ဇေယျကျော်ထင်တင်ငွေ
စစ်ရာထူးခန့်ချုပ်(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကမ္ဘာအေးဗီလာ၊ အမှတ်(C-4)နေ (ဦးဘိုးရွှေ)-(ဒေါ်သောင်းခင်)တို့၏သား၊ (ဦးကြာငြိမ်း)-ဒေါ်မြအေးတို့၏သားသမက်၊ သီရိသုဓမ္မသိင်္ဂီဒေါ်ခင်လှဝင်း၏ခင်ပွန်း၊ Dr.စိုးထွန်း-မခင်မျိုးနွယ်၊ ကိုကျော်သူအောင်၊ ကိုဟိန်းထက်အောင်-မထက်နော်ဇာမွန်တို့၏ဖခင်၊ မြေးနှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးဖြစ်သူသည် ၂၂-၁၀-၂၀၂၆ ရက်(ကြာသပတေးနေ့)နံနက် ၁၁:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကျန်ရှိသည့်ရုပ်ကလာပ်ကို ၂၄-၁၀-၂၀၂၆ ရက်(စနေနေ့)ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်ခန်းမဆောင်အသစ်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဘုရားအမျှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ကျန်ရစ်သူမိသားစုတို့က ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အိပ်စက်နေချိန်တွင် ကယ်လိုရီလောင်ကျွမ်းမှု

အိပ်စက်နေချိန်တွင် လူတစ်ဦး၏ခန္ဓာကိုယ်သည် အသက်ရှူခြင်း၊ နှလုံးခုန်ခြင်းနှင့် ဆဲလ်များပြုပြင်ခြင်းကဲ့သို့သော အခြေခံဇီဝဖြစ်စဉ်များ (BMR) အတွက် ကယ်လိုရီများ ဆက်လက်လောင်ကျွမ်းစေသည်။ BMR ဆိုသည်မှာ လူတစ်ယောက် တစ်နေ့တာဖြစ်နေသမျှ အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ အစာခြေခြင်း စသည့်အခြေခံအကျဆုံး ခန္ဓာကိုယ်ဖြစ်စဉ်အတွက် လိုအပ်သည့် အနည်းဆုံးကယ်လိုရီပမာဏဖြစ်သည်။ အိပ်စက်နေချိန် ကယ်လိုရီလောင်ကျွမ်းမှုအခြေအနေမှာ ပုံမှန် ကိုယ်အလေးချိန်ရှိသူတစ်ဦးအတွက် အိပ်စက်နေချိန် သို့မဟုတ် လဲလျောင်းနေချိန် တစ်နာရီလျှင် ကယ်လိုရီ (၅၀-၈၀) ခန့် လောင်ကျွမ်းသည်။

ကိုယ်အလေးချိန်ပိုများလေ ခန္ဓာကိုယ်ကိုထိန်းသိမ်းရန် စွမ်းအင်ပိုလိုအပ်လေဖြစ်ပြီး လောင်ကျွမ်းသည့် ကယ်လိုရီပမာဏပိုများလေဖြစ်သည်။ ဤသို့လောင်ကျွမ်းခြင်းသည် အခြေခံဇီဝဖြစ်စဉ်များ အနားယူနေစဉ် ခန္ဓာကိုယ်လည်ပတ်မှုစွမ်းအင်ကြောင့်ဖြစ်သည်။ ကယ်လိုရီလောင်ကျွမ်းမှု ပိုမိုတိကျစေရန် ကိုယ်အလေးချိန် သို့မဟုတ် ကယ်လိုရီနှင့်အိပ်စက်မည့်အချိန်ကိုပြောပြသင့်သည်။

ကယ်လိုရီလောင်ကျွမ်းသည်ဆိုသည့်စကားကို ကိုယ်အလေးချိန်လျှော့ချနေသူများက ကျယ်ကျယ်ပြန့်ပြန့်သုံးကြသည်။ GYM ကစားခြင်း၊ အားကစားလုပ်ခြင်း၊ နှလုံးခုန်မြန်စေသည့် လေ့ကျင့်ခန်းများလုပ်ခြင်းသည် ကယ်လိုရီများလောင်ကျွမ်းသည်ဆိုသည်ကို လူအများသိကြသည့်အချက်ဖြစ်သည်။

ကယ်လိုရီကို အစားအသောက်ကရသည်။ ကယ်လိုရီက အပူစွမ်းအင်အဖြစ် ခန္ဓာကိုယ်အတွက် လိုအပ်သောလောင်စာ Energy ကို ထုတ်ပေးသည်။ ထို့ကြောင့် ကိုယ်အလေးချိန်လျှော့ချနေသည့်သူများသည် မိမိစားသောက်သည့်အစားအသောက်ထဲတွင်ပါသည့် ကယ်လိုရီများကို တွက်ချက်ကာ စားသင့်သည်။

လူတို့ နေ့စဉ်လှုပ်ရှားရန်အတွက် လိုအပ်သည့်ကယ်လိုရီသည် အကြမ်းအားဖြင့် အမျိုးသားတစ်ဦးလျှင် ၂၅၀၀ ကယ်လိုရီဖြစ်ပြီး အမျိုးသမီးတစ်ဦးလျှင် ၂၀၀၀ ကယ်လိုရီဖြစ်သည်။ သို့သော် လူတစ်ယောက်သည် မည်သို့မျှမလုပ်လျှင်ပင် ခန္ဓာကိုယ်၏လုပ်ငန်းစဉ်ကြောင့် ကယ်လိုရီက လောင်ကျွမ်းနေသည်။

ကယ်လိုရီလောင်ကျွမ်းမှုသည် ထိုင်နေလျှင်ပင် လောင်ကျွမ်းစေသဖြင့် အိပ်စက်နေစဉ် ကယ်လိုရီများကို ခန္ဓာကိုယ်က အသုံးချနေသည်။ ထို့ကြောင့် အိပ်စက်နေစဉ် ကယ်လိုရီများလောင်ကျွမ်းနိုင်သည်။

အိပ်ပျော်သွားသောလူတစ်ယောက်သည် အိပ်စက်ခြင်းအဆင့် အမျိုးမျိုးကိုဖြတ်ကျော်ရသည်။ ထိုအထဲမှ REM ဟုခေါ်သည့် အိပ်စက်ခြင်းအဆင့်တွင် နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန် ပါလာကာ ခန္ဓာကိုယ်သည် သိုလှောင်ထားသည့်လောင်စာဖြစ်သည့် ဂလူးကို့စ်ကိုအများဆုံးဖြုန်းပြီးသုံးသည့်အတွက် ကယ်လိုရီအများဆုံးလောင်ကျွမ်းသည်။

ညဘက်အိပ်ပျော်နေစဉ်တွင် ခန္ဓာကိုယ်သည် တစ်ကိုယ်လုံးတွင် ရှိသည့် တစ်နေ့တာလုံးတွင် ပျက်စီးသွားသည့် ဆဲလ်တစ်ခုချင်းကို ပြုပြင်သည်။ ဥပမာ-အားကစားလုပ်သူများ၊ အလေးမသူများ၏ ခန္ဓာကိုယ်သည် ကြွက်သားများကိုပြုပြင်ရန်၊ အသစ်ဖြစ်ရန်အတွက် ခန္ဓာကိုယ်၏သိုလှောင်ထားသော လောင်စာများကိုသုံးပစ်သည်။

ညဘက်မအိပ်ခင် တစ်နေ့တာလုံးစားထားသော အစားအသောက်များကိုလည်း နောက်တစ်ရက်နိုးလာသော် စွမ်းအင်အဖြစ်အသုံးချရန်အတွက် အစာခြေသောကြောင့် ကယ်လိုရီများလောင်ကျွမ်းစေသည်။ အိပ်နေစဉ် လောင်ကျွမ်းသည့်ကယ်လိုရီသည် တစ်ယောက်နှင့်တစ်ယောက်မတူသကဲ့သို့ လောင်ကျွမ်းသည့်ပမာဏမှာလည်းမတူညီပါ။

အဓိကမှာ BMR ဟုခေါ်သည့် ဇီဝကမ္မဖြစ်စဉ်ပေါ်တွင် မူတည်သည်။ BMR က လူတစ်ယောက်ချင်းစီ၏အလေးချိန်ပေါ်တွင် တည်မှီသည်။ စိတ်အလိုများလေ စွမ်းအင်ပိုသုံးရလေဖြစ်၍ BMR သည် ပိုများသည်။

“ညဘက်မအိပ်ခင် တစ်နေ့တာလုံးစားထားသော အစားအသောက်များကိုလည်း နောက်တစ်ရက်နိုးလာသော် စွမ်းအင်အဖြစ်အသုံးချရန်အတွက် အစာခြေသောကြောင့် ကယ်လိုရီများလောင်ကျွမ်းစေသည်။ အိပ်နေစဉ် လောင်ကျွမ်းသည့် ကယ်လိုရီသည် တစ်ယောက်နှင့်တစ်ယောက်မတူသကဲ့သို့ လောင်ကျွမ်းသည့်ပမာဏမှာလည်းမတူညီပါ. . .”

ကိုယ်အလေးချိန် ၁၅၅ ပေါင်ရှိသော ကျန်းမာသည့်လူတစ်ယောက်သည် အိပ်နေချိန်တွင် တစ်နာရီလျှင် ၃၈ ကယ်လိုရီလောင်ကျွမ်းသည်။ အိပ်သည့်နာရီနှင့်မြှောက်လိုက်သော် အိပ်ချိန်တွင် ကယ်လိုရီမည်မျှ လောင်ကျွမ်းသည်ကိုရသည်။

အိပ်ချိန်နည်းလျှင် ကိုယ်အလေးချိန်တက်လာသကဲ့သို့ အိပ်ချိန်အလွန်များလျှင်လည်း လှုပ်ရှားမှုနည်းသွားသည့်အတွက် မိမိတတ်နိုင်သည့်အိပ်ချိန်ကို လုံလုံလောက်လောက် အိပ်ရမည့်အပြင် အားကစားတစ်ခုခု နေ့စဉ်နာရီဝက်မှ တစ်နာရီကြာပြုလုပ်သင့်သည်။

BMR ဆိုသည့် ဇီဝကမ္မဖြစ်နှုန်းများလေလေ ကယ်လိုရီလောင်ကျွမ်းမှုကိုများလေလေဖြစ်သည်။ အစားကိုနည်းနည်းနှင့် အကြိမ်ရေများများစားခြင်း၊ အရက်သေစာရှောင်ခြင်း၊ တစ်ရက်လျှင် အနည်းဆုံး လေ့ကျင့်ခန်း ၁၅ မိနစ်ခန့်လုပ်ခြင်းဖြင့် BMR တက်စေသည့် အမူအကျင့်များကို ပြုလုပ်သင့်သည်။

လောင်ကျွမ်းထားသော ကယ်လိုရီပမာဏက ကိုယ်အလေးချိန်လျှော့ချရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ လေ့ကျင့်ခန်းလုပ်ခြင်း၊ အပြေးလေ့ကျင့်ခြင်းကဲ့သို့ ပြင်းထန်သောလှုပ်ရှားမှုများပြုလုပ်စဉ် ကယ်လိုရီလောင်ကျွမ်းမှုပိုမိုများပြားသော်လည်း သင့်ခန္ဓာကိုယ်က အနားယူနေသည့်အချိန်တွင်ပင် ကယ်လိုရီလောင်ကျွမ်းမှုက လုံးဝရပ်တန့်မသွားနိုင်သည်ကို သိထားသင့်သည်။

သုတေသနပြုချက်အရ ခန္ဓာကိုယ်က အိပ်ပျော်နေစဉ် သို့မဟုတ် လဲလျောင်းနေစဉ် ကယ်လိုရီလောင်ကျွမ်းစေကြောင်း တွေ့ရှိရသည်။ သို့သော် လောင်ကျွမ်းသည့်ပမာဏက သိသိသာသာနည်းသည်။ ဥပမာ-ကိုယ်အလေးချိန်က ၁၅၅ ပေါင်ရှိပြီး ညစဉ်ရှစ်နာရီအိပ်စက်လေ့ရှိပါက အိပ်နေစဉ်အတွင်း ၁၈၄ ကယ်လိုရီ လောင်ကျွမ်းစေမည်ဖြစ်သည်။

အိပ်စက်သည့် မိနစ် ၃၀ ကြာတိုင်း (၁၉-၂၈)ကယ်လိုရီအထိ ကျဆင်းသွားကာ နှစ်သက်စရာဟု ထင်ရသော်လည်း တစ်ရက်တာအတွင်း အနိမ့်ဆုံးလောင်ကျွမ်းမှုနှုန်းဖြစ်သည်။ ထို့ကြောင့် အလေးချိန် ၁၅၅ ပေါင်ရှိပါက ကုလားထိုင်ပေါ်တွင် စာဖတ်စဉ်၊ ပေါ့ပေါ့ပါးပါးအနားယူစဉ် နာရီဝက်အတွင်း ၄၂ ကယ်လိုရီလောင်ကျွမ်းမည်ဖြစ်သည်။

ခန္ဓာကိုယ်၏အစာချေဖျက်မှုနှုန်းက တစ်ဦးနှင့်တစ်ဦးမတူညီသောကြောင့် ကယ်လိုရီလောင်ကျွမ်းမှုလည်းမတူညီကြပါ။ ယင်းက ခန္ဓာကိုယ်အနားယူနေစဉ်အတွင်း အဆီများကို လောင်ကျွမ်းပေးနိုင်သည့်နှုန်းကိုကိုယ်စားပြုသည်။ လှုပ်ရှားမှုမရှိဘဲ ငြိမ်နေသည့်အချိန်တွင် ကယ်လိုရီပိုမိုလောင်ကျွမ်းစေရန် မိမိ၏အစာချေဖျက်နှုန်းကို မြှင့်တင်ပေးနိုင်သေးသည်။ ထိုသို့ပြုလုပ်ခြင်းက အဆီများကို ပို၍လောင်ကျွမ်းစေရန် ကူညီပေးနိုင်သည်။

အဆီများလျှော့ချသည့်အခါ ကယ်လိုရီပို၍လောင်ကျွမ်းလေလေ အဆီများ ပို၍ကျဆင်းလေလေဖြစ်သည်။ လဲလျောင်းနေသည်က အဆီကျစေရန် အကောင်းဆုံးနည်းလမ်းမဟုတ်သော်လည်း ကိုယ်အလေးချိန်ကျစေရန် ပြင်းထန်သည့်လှုပ်ရှားမှုများပြုလုပ်ပြီးနောက် အနားယူရန်လိုအပ်သည်။

အဆီတစ်ပေါင်ကျရန်အတွက် အစားအသောက်နှင့်အဖျော်ယမကာများ သောက်သုံးလိုက်သည့် ကယ်လိုရီထက် ကယ်လိုရီ ၃၅၀၀ ပို၍ လောင်ကျွမ်းရန် လိုအပ်သည်ကို သိထားသင့်သည်။

လူတစ်ဦးဝခြင်း၊ ပိန်ခြင်းကို ခန္ဓာကိုယ်အချိုးအဆ (BMI) ဖြင့် တိုင်းတာကြသည်။ BMI ဆိုသည်မှာ ကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်အမြင့်မီတာ(နှစ်ထပ်ကိန်း)နှင့်စား၍ ရသောရလဒ်ဖြစ်သည်။ BMI ၃၀ နှင့်အထက်ကို အဝလွန်ခြင်းဟု သတ်မှတ်ပြီး BMI ၅၀ နှင့်အထက်ကို အလွန်ဝခြင်းဟု သတ်မှတ်သည်။ အဝလွန်သူများ ကိုယ်အလေးချိန်လျှော့ချရန် အကောင်းဆုံးနည်းလမ်းက နေ့စဉ် နာရီဝက်မှ တစ်နာရီ ကြာ လေ့ကျင့်ခန်းတစ်ခုခု အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်သည်။

လေ့ကျင့်ခန်းမပြုလုပ်မီ ပေါ့ပါးသော လေ့ကျင့်ခန်းပြုလုပ်ကာ သွေးပူလေ့ကျင့်ခန်းစသင့်သည်။ နေ့စဉ် ချွေးထွက်သည်အထိ လေ့ကျင့်ခန်းပြုလုပ်ခြင်းက လူတိုင်းနေ့စဉ်စားသုံးသမျှ ပိုလျှံသောကယ်လိုရီကို အဆီအဖြစ်မစုဆောင်းစေဘဲ ချွေးအဖြစ်စွန့်ထုတ်ပေးသဖြင့် အဆီစုဝေးခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါတို့ကင်းဝေးစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ သီတင်းကျွတ်ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ သီတင်းကျွတ် Bazaar ဈေးရောင်းပွဲတော်ကို အောက်တိုဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်တွင် စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာ Game အစီအစဉ်များနှင့် ဆုလက်ဆောင်များ၊ အပျော်တမ်းသရုပ်ဆောင်ပြိုင်ပွဲများနှင့် ဒေသထွက် အစားအစာဆိုင်များ ထည့်သွင်းထားပြီး အထူးအစီအစဉ်အနေဖြင့် မြန်မာ့ရိုးရာ ဆီမီးအက၊ ဗုဒ္ဓပူဇော်ခြင်းဆိုင်ရာအကများနှင့် ရွှေဖြိုးအောင်(မြန်မာမှုအက)၏ မြန်မာ့ရိုးရာအကအလှများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

သီတင်းကျွတ်ကာလအတွင်း မိသားစု၊ သူငယ်ချင်းများနှင့်အတူ အပန်းဖြေလည်ပတ်ပြီး ဒေသထွက် အစားအစာများကို စားသုံးခြင်း၊ မြန်မာ့ရိုးရာ အကအလှများကို ကြည့်ရှုခံစားခြင်းဖြင့် ပွဲတော်အစီအစဉ်များတွင် ပါဝင်ကာ အမှတ်တရများ ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကို ပြည်သူများအပန်းဖြေအနားယူရန်နှင့် ဗဟုသုတရှာမှီးနိုင်ရန်၊ ကျောင်းသား၊ ကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ပညာရှာမှီးရာတွင် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန်ကျေးငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက်ပြည်သူလူထုအား စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်နှင့် ရှားပါးသော တိရစ္ဆာန်ကျေးငှက်များအား မျိုးဆက် ထိန်းသိမ်းရန်အတွက် သားပေါက်မျိုးပွားရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပြသလျက်ရှိသည်။



မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွားသတ္တဝါများနှင့် ရေနေသတ္တဝါမျိုးစိတ်များ စုံလင်စွာရှိသည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) သည် အရှေ့တောင်အာရှ၏ သက်တမ်းအရှည်ကြာဆုံး တိရစ္ဆာန်ဥယျာဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများက ဩဝါဒခံယူပွဲအခမ်းအနားကျင်းပပြုလုပ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှကျောင်းသား၊ ကျောင်းသူများအား ဩဝါဒအမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ကျောင်းသူများကဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်ဥဒ္ဓေါဝါခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဩဝါဒခံယူပွဲအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ပြည်ထောဝ်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး

စာမျက်နှာ ၅ ကော်လံ ၁ ○



(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ညီညီလင်းထက်က ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၂၂

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင်ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့

စာမျက်နှာ ၂၆ ကော်လံ ၅ ■

M League 2026 U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက် အသင်းနိုင်ပွဲရပြီး Galaxy အသင်းနှင့် Falcon အသင်းတို့သရေကျ

ရန်ကုန် အောက်တိုဘာ ၂၂

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၀)တတိယနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင်သတ်မှတ်အားကစားကွင်းများ၌ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲရပြီး Galaxy အသင်းနှင့် Falcon အသင်းတို့

စာမျက်နှာ ၂၆ ကော်လံ ၅ ❐



ဆောင်းပါး

မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဖြေရှင်းကြရမည့် အစိုင်အခဲစွန့်ပစ် ပစ္စည်းနှင့်ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ

စာ - ၃ သို့

တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား အမျိုးသမီးဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

လက်ဝှေ့အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန

စာမျက်နှာ ၂၆ ကော်လံ ၁ ⇨

